မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၁၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ်(၁၉၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

အမှန်စင်စစ် မြန်မာနိုင်ငံတွင် ပြည်တွင်းသောင်းကျန်းမှုသမိုင်း၌ အစောဆုံးပေါ်ပေါက်ခဲ့ပြီး အကြိမ်ကြိမ်လည်း ငြိမ်းချမ်းရေးကြိုးပမ်းခွင့်ရပါလျက် ယနေ့ထက်တိုင် ရာနှုန်းပြည့် ငြိမ်းချမ်းရေး မရယူနိုင်သေးသည့် KNU အဖွဲ့၏ ငြိမ်းချမ်းရေး မရနိုင်အောင် တားဆီးနေသည့် အခက်အခဲမှာ ငြိမ်းချမ်းရေး မရယူနိုင်အောင် နောက်ကွယ်မှလိုက်၍ နှောင့်ယှက်ဖျက်ဆီးနေမှုများကြောင့် ဖြစ်၏။

စောလှအောင်၏ လာချင်ရင် အနီးကလေး
ဆောင်းပါး စာ - ၁၀ နှင့် ၁၁ တွင် ဖတ်ရှုနိုင်ပါသည်။

နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၀၂၂ သန်း ထုတ်လုပ်ပေးနိုင်မည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်း မကြာမီဖွင့်လှစ်မည်

နေပြည်တော် ဧပြီ ၁၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဧပြီ ၁၅ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီးရှိ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan United Power Developing Co., Ltd. တို့ အကျိုးတူပူးပေါင်း၍ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်၍ တည်ဆောက်ပြီးစီးနေသော ရေအားလျှပ်စစ်စက်ရုံ၏ Generator Floor ၌ တာဘိုင်စက်များ မောင်းနှင်နေမှုအခြေအနေ၊ အမှတ်(၆) စက်တပ်ဆင်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ Central Control Room ၌ Computer System ဖြင့် စက်များမောင်းနှင်နေမှုကိုလည်းကောင်း၊ Gas Insulated Switch Gear Room ၌ စက်များတပ်ဆင်ပြီးစီးနေမှုကို လည်းကောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေပြီ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဓာတ်ပုံ မောင်မောင် ❖ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၈

ပဲခူးတိုင်း စစ်တောင်းမြစ်ဝှမ်းလွင်ပြင်ဒေသတွင် ပဲခူးရိုးမတောင်တန်းများနှင့်အတူ မြစ်ချောင်းများစွာရှိသည့်အနက် ဖြူးမြို့ပတ်ဝန်းကျင်ကို ဖြတ်သန်းစီးဆင်းလျက်ရှိသော **“ဖြူးချောင်း”**သည် ရေစီးရေလာ ကောင်းမွန်များပြားသည့် ချောင်းတစ်ခုဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●



ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းမှ ရေယူအဆောက်အအုံ ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မတ် ၃၀ ရက်က ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၁၉ ရက်)

စက်မှုလုပ်ငန်းများထူထောင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

အရည်အသွေးပြည့်ဝသောပစ္စည်းများ အရှိန်အဟုန်မြှင့် တိုးမြှင့်ထုတ်လုပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း ကျောက်ဆည်စက်မှုနယ်မြေသို့ ဧပြီလ ၁၆ ရက်နေ့က သွားရောက်ကြည့်ရှု စစ်ဆေးလမ်းညွှန်ခဲ့သည်။

ကျောက်ဆည်စက်မှုနယ်မြေတွင် ဘိလပ်မြေစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ သကြားလုံးစက်ရုံ၊ ဖိနပ်စက်ရုံ၊ အပ်ချုပ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ အဆင့်မြင့်မီးခံအုတ်စက်ရုံနှင့် ပလတ်စတစ်စက်ရုံတို့ တည်ဆောက်ထားပြီးဖြစ်သည်။ တည်ဆောက်ဆဲစက်ရုံမှာ မှန်စက်ရုံ စီမံကိန်းဖြစ်သည်။

နိုင်ငံပိုင်စက်ရုံများက ထုတ်လုပ်လျက်ရှိသောပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သကဲ့သို့ အရည်အသွေး အဆင့်အတန်းအရ အဆင့်မီကောင်းမွန်သည့် ပစ္စည်းများဖြစ်ရန်လည်း အလေးထားကြိုးပမ်းကြရမည် ဖြစ်သည်။

စွန့်ပစ်ပစ္စည်းများနှင့် ဓာတ်ခဲဟောင်းများကို ပေါင်းစပ်အသုံးပြု၍ LED မီးလုံးများဖြင့် မီးထွန်းနိုင်ရန် ပြုလုပ်ထားသော ပလတ်စတစ်မီးအိမ်များကိုလည်း ပြုလုပ်လျက်ရှိသည်။ ဘိလပ်မြေစက်ရုံသုံး ထုံးကျောက်များ၊ အဆင့်မြင့်မီးခံအုတ်များ၊ ဘိလပ်မြေစက်ရုံထုတ်ကုန် ဘိလပ်မြေများ၊ ဘိလပ်မြေ အိတ်ခွံများ၊ မှန်စက်ရုံသုံး သဘာဝကုန်ကြမ်းများစသည်တို့ ကျောက်ဆည်စက်မှုနယ်မြေမှ ထွက်ရှိလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ပိုင်စက်ရုံများအပြင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကိုလည်း အလေးထား ဖြည့်ဆည်းပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ ကျောက်ဆည်စက်မှုနယ်မြေမှ စက်ရုံများအပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်ရုံများသည် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော ထုတ်ကုန်ပစ္စည်းများကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းပေးလျက်ရှိပြီး အရည်အသွေးပြည့်ဝသော အဆင့်မီ ကောင်းမွန်သည့်ပစ္စည်းများဖြစ်ရန် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၉-၄-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၁၆)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃း၃၀ ၆။ ကျန်းမာသုတ
၁၃း၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၄၀)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ မြတ်ဗုဒ္ဓဘုရားဒေသနာ ဝိပဿနာတရားတော် အဂ္ဂိဝစ္ဆသုတ်
၅း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၅း၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မြန်မာသကြီ်နိ
၆း၃၀ ၁၀။ လှျပ်တစ်ပြက်
၆း၄၅ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနဲ့ ပန်းနှင်းဆီ** (အပိုင်း-၁၀)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ကျန်းမာသုတ
၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၁၃)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကတိုးကော့နှပ်-ဇာသပြင်ကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဧပြီ ၁၈

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့ ကတိုးကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သော ကတိုးကော့နှပ်-ဇာသပြင်ကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က ကတိုးကျေးရွာအဝင်လမ်း မုခ်ဦးရှေ့၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ၄မိုင် ၂ဖာလုံအရှည်ရှိ ကတိုးကော့နှပ်-ဇာသပြင်ကျေးရွာ၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပရာ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အလှူရှင် ဦးဖေအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများ၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြပြီး ကတ္တရာလမ်းသစ်ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ပြည်သူနှင့်ပူးပေါင်းဆောင်ရွက်သော နီလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးနေအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးပြည်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၄-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်၊ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၁၅ MRTV-4 နံနက်ခင်းသတင်း
၆း၀၀ အန္တရာယ်ကင်းပရိတ်ကြီး(၁၁)သုတ် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
၆း၅၀ ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၇း၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၉)
၇း၃၀ TOM & JERRY
၈း၀၀ MRTV-4 နံနက်ခင်းသတင်း
၈း၄၅ လွင်မိုးခရီးသွားနေသည် (မင်းတပ်မြို့မှ ဘုံတလာသို့)
၉း၁၅ SundayTalk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉း၅၅ ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (Private International Pre School)
၁၀း၁၅ သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၁၀း၄၅ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၁၁း၁၀ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
၁၁း၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ရှန်ဟိုင်းမြို့မှစွဲမက်ဖွယ်ရာ အစားအသောက်များအကြောင်း)
၁၂း၀၀ Activities in the City (ရန်ကုန်တက္ကသိုလ်ရက္ခဗေဒ ဘွဲ့ရများ၏ မြတ်ဆရာပူဇော်ပွဲ)
၁၂း၁၅ World's Greenest Homes
၁၂း၃၅ ဂီတသံစဉ်အလှဆင်(နီနီဝင်းရွှေ)
၁း၀၀ အန္တရာယ်ကင်းပရိတ်ကြီး(၁၁)သုတ် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
၁း၅၀ ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၂း၀၀ Myanmar Video Rhythm
၂း၃၅ မီးသေအန္တရာယ်ကို အထိရောက်ဆုံး ကာကွယ်နိုင်သည့် AFT မီးသတ်ပစ္စည်းကိရိယာ
၃း၀၅ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၁)
၃း၃၀ The Golden Triangal: Past the Present
၄း၂၀ မျက်စိအတွင်းတိမ်၊ရေတိမ်ရောဂါ အကြောင်းသိကောင်းစရာ (ပါမောက္ခဒေါက်တာ ထွန်းအောင်ကျော်)
၄း၄၀ Own Creative Fashion
၄း၅၀ အလှမျိုးစုံလင်တောင်လှေကား မြို့တော်တစ်ခွင်
၅း၁၀ (၆၆)ကြိမ်မြောက် ရွှေကမ္ဘာလုံးဆု ချီးမြှင့်ပွဲအခမ်းအနား (အပိုင်း-၂)
၅း၄၀ MRTV-4 စာအုပ်စင်ကဏ္ဍ [ဗုဒ္ဓစာပေဆုရဒေါက်တာချစ်ငယ် (ဒဿန)]နှင့် တွေ့ဆုံခြင်း
၆း၀၀ ညနေခင်းသတင်း
၆း၁၅ လွင်မိုးခရီးသွားနေသည် (မင်းတပ်မြို့မှဘုံတလာသို့)
၆း၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
၇း၁၅ International Video Topics (Titanic)
၇း၅၀ ရေကူးအားကစားမှသည် ကျန်းမာခြင်းဆီသို့
၈း၀၀ MRTV-4 သတင်း
၈း၁၅ VJ Choice
၈း၄၀ ကမ္ဘာ့အားကစားဇာတ်ခုံ
၉း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၀း၄၅ Own Creative Fashion
၁၁း၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၉)
၁၁း၃၀ အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
၁၁း၅၅ အလေအလွင့်မရှိ အချိန်ကုန်သက်သာ ဦးကြီးများရဲ့ အားထားရာ (စပါးခြွေလှေ့စက်)
၁၂း၁၅ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၁)
၁၂း၄၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ရှန်ဟိုင်းမြို့မှစွဲမက်ဖွယ်ရာ အစားအသောက်များအကြောင်း)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့်အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၃) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Spurs- Newcastle	Star Sports (Live)
၈း၂၅	Man City- West Brom	ESPN (Live)

FA Cup Semi Final ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၀၀	Man Utd- Everton	Star Sports (Live)

ကော့ကရိတ်၌ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

ကော့ကရိတ် ဧပြီ ၁၈

ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းသည် ကော့ကရိတ်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနှင့်အတူ မတ် ၁၈ရက်က ကော့ဘိန်း၊ ကော့ပေါက်၊ မင်းရွာများသို့ သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးကိုလည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးထွန်းထွန်းက မီးသတ်ကားများ စက်ကြံ့ခိုင်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရေးကိုလည်းကောင်း ဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

GIS စနစ်ဖြင့် ဓာတ်အားပို့လွှတ်နေမှုကို လည်းကောင်း၊ Protection Room နှင့် Switch Yard တည်ဆောက် ပြီးစီးမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဧပြီ ၁၆ရက်တွင် စီမံကိန်းမှ တာဝန်ရှိသူများ၊ Yunnan United Power Developing Co., Ltd. (YUPD)မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရှင်းလင်းဆောင်ရွက်မှုနေ၍ ရေထိန်းတမံနှင့် ရေပိုလွှဲတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ရေလှိုထိန်းစည်အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မကြာမီဖွင့်လှစ်မည်

အဆိုပါ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် ရွှေလီမြစ်ပေါ်တွင် ရေထိန်းတမံ(Regulating Dam) တည်ဆောက်၍ ရေသွယ်ဥမင်လိုဏ်ဖြင့် ရေကိုသွယ်ယူကာ မဂ္ဂါဝပ်၁၀၀ရှိ စက်ခြောက်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင် အင်အားမဂ္ဂါဝပ်၆၀၀မှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ သန်းပေါင်း ၄၀၂၂သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး မကြာမီဖွင့်လှစ်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနှစ်ဆန်း တစ်ရက်နေ့က ရန်ကုန်မြို့ ကြည့်မြင်တိုင်ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်လုံးဆိုင်ရာ အကြိမ်(၆၀)မြောက် သက်ကြီး ဝါကြီးပူဇော်ပွဲကို ကျောင်းကြီးလမ်း မဟာပုညောပကာရမွှာရုံကြီးတွင် ပြုလုပ်ရာ အသက်(၇၀) အထက် အဘိုးအဘွား ၄၉၈ဦးတို့အား အင်္ကျီ၊ လုံချည်၊ လှူဒါန်းငွေများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (၁၂၃)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၄-၂၀၀၉ ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၇:၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၆။ တိရစ္ဆာန်ဥယျာဉ် နေပြည်တော် သွားလိုက်ကြစို့ တူပျော်ပျော် (အပိုင်း-၂)
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ **လှေကားသုံးထစ်ဆင်းတဲ့အခါ** အရိုင်း၊ မင်းသူ၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ Golf Magazine (TV)
၁၁:၅၀ ၅။ မြန်မာရုပ်ရှင် **လွှမ်းအောင်ရယ်တတ်သူ** ကျော်ရဲအောင်၊ ရူပ၊ ပြေဇင်၊ မေသဥ္စာဦး၊ သက်မွန်မြင့် (ဒါရိုက်တာ-မောင်ဝဏ္ဏ)
၁၄:၀၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄:၁၅ ၇။ ရုပ်မြင်ရသတေးစုကဏ္ဍ
၁၄:၃၀ ၈။ အတီးပြိုင်ပွဲ
၁၄:၄၅ ၉။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၆။ တေးဂီတအစီအစဉ်
၅:၁၀ ၇။ အကပြိုင်ပွဲ
၅:၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၁၅ ၁၁။ ကာတွန်းအစီအစဉ် (Pocket Dragon Adventure)
၆:၅၀ ၁၂။ **လှပခြင်း၏အဓိပ္ပာယ်** အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော် (ဒါရိုက်တာ-ဦးခင်ဇော်)
၇:၁၀ ၁၃။ သူရွှေးသီရာတေးကဗျာ
၇:၄၅ ၁၄။ အကြော်ခံဆီ အန္တရာယ်
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာရုပ်ရှင် **ချစ်ခြင်းဖွဲ့မေတ္တာ** (အပိုင်း ၂) ဒွေး၊ မင်းသူ၊ မင်းထက်ကျော်ဇင်၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင်၊ ဆုပန်ထွာ (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)

တော်လတီ-ကလော့သော့ တိုင်းချင်းဆက်ဂဝံလမ်းဖောက်လုပ်

ရန်ကုန် ဧပြီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဧပြီ ၁၀ရက်တွင် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူထိန်းသိမ်းထားသည့် အရှည်၉မိုင် ၄ဖာလုံရှိ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဆက်သွယ်ထားသော တော်လတီ-ကလော့သော့ တိုင်းချင်းဆက် ဂဝံလမ်း၏ သွားလာနိုင်မှုအခြေအနေ၊ လမ်းပေါ်ရှိ တံတားများ ကြံ့ခိုင်မှုအခြေအနေ၊ တံတားချဉ်းကပ်လမ်းများ ပြေပြစ်ကောင်းမွန်မှုအခြေအနေ၊ မိုးရာသီအတွင်း ရေတိုက်စားသည့် မြေသားတာပေါင်များ ပြန်လည်ပြုပြင်ထားရှိမှုအခြေအနေနှင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းနယ်စပ်ရှိ ပကွန်ချောင်းကူးသစ်သားတံတား ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး အဖျောက်-ဇကကြီး ကျေးလက်ဂဝံလမ်း၏ တိုက်ကြီးမြို့နယ်အပိုင်းတွင် ရှိသောလမ်းအရှည် နှစ်မိုင်ကို ရာသီမရွေးကောင်းမွန်အောင် စဉ်ဆက်မပြတ် ပြုပြင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးသည် တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ အဖျောက်မြို့မဈေးကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးစိမ်ခြင်ထောင် မိုင်းတုံတွင်ဖြန့်ဝေ

မိုင်းတုံ ဧပြီ ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် '၀' အထူးဒေသ(၂) တောင်ပိုင်းဒေသ ဟိုပန်၊ ဟိုရွက်မြို့နယ်ဦးစီးမှူး ဦးကျဖနှင့် နယ်စပ်ဒေသ မုံးထော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန လက်ထောက်ကျန်းမာရေးမှူး ဦးကြည်နိုင်၊ ကျန်းမာရေးဆရာမ ဒေါ်သန်းသန်းဌေးနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများသည် ဧပြီ ၉ရက်က မြို့နယ်အတွင်း ကျေးရွာများတွင် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ပြီး ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်သာယာ မဟာသင်္ကြန် အထူးစည်ကား

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ၂၀၀၉ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အတက်နေ့ဖြစ်သော ဧပြီ၁၆ရက်တွင် မြို့နယ်အတွင်းရှိ ရေကစားမဏ္ဍပ်များ၌ နံနက်ပိုင်းမှ ညနေအထိ သင်္ကြန်ရေပက် ကစားကြသူများနှင့် သင်္ကြန်ချစ်သူပြည်သူများ၊ ရေပက်ခံသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

စည်ကား

လှိုင်သာယာမြို့နယ် ရပ်ကွက်အသီးသီးရှိ ရေကစားမဏ္ဍပ်တိုင်းတွင် သင်္ကြန်ချစ်သူပြည်သူများဖြင့် တိုးမပေါက်အောင် စည်ကားခဲ့သည်။

ပျော်ရွှင်စွာသီဆို

ညနေ၆နာရီတွင် ရပ်ကွက်အသီးသီးမှ ရေကစားမဏ္ဍပ်များသည် မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ဓလေ့ထုံးစံအရ မြနန္ဒာတေးသီချင်းဖြင့် ပျော်ရွှင်စွာသီဆို၍ ၂၀၀၉ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို ပိတ်သိမ်းလိုက်ကြသည်။ (၀၉၇)

မြန်မာ့အလင်း
အင်တာနက် ကျန်းမာရေး

ဂေါ်ဖီထုပ်ကိုပုံမှန်စားသုံးပေးပါလျှင် အစာအိမ်ကင်ဆာမဖြစ်ပွားနိုင်ဟုဆို

ဂေါ်ဖီထုပ်ကို ပုံမှန်စားသုံးပေးပါက အစာအိမ်ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ဂျပန်သုတေသန ပညာရှင်များက ပြောကြားသည်။

ဖျက်ဆီးပစ်နိုင်

ဂေါ်ဖီထုပ်တွင်ပါဝင်သော ဓာတ်များက အစာအိမ်နှင့်အူလမ်းကြောင်းတို့၌ ဖြစ်ပွားတတ်သည့်အနာများကို ပျောက်ကင်းစေတတ်ကြောင်း၊ ထို့အပြင် အစာအိမ်နှင့် အူလမ်းကြောင်းတို့တွင် ဖြစ်ပွားနိုင်သော ကင်ဆာဆဲလ်များကို ဖျက်ဆီးပစ်နိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ တစ်ဖန် ဂေါ်ဖီထုပ်တွင်ပါဝင်သော ဓာတ်များက ခန္ဓာကိုယ်တွင်းရှိ အောက်ဆီဂျင်ရက်ဒီကယ်များ ပျက်စီးမှုကို ကာကွယ်ပေးနိုင်သလို မျိုးဗီဇဆဲလ်များမပျက်စီးအောင်လည်း ထိန်းသိမ်းပေးနိုင်ကြောင်း သိရသည်။

ကာကွယ်နိုင်

ဂေါ်ဖီထုပ်ကို တစ်နေ့လျှင် နှစ်အောင်စခန့် စားသုံးပေးပါက အစာအိမ်ရောဂါဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေကြောင်း၊ ဂေါ်ဖီထုပ်ကို နေ့စဉ် အနည်းငယ်စားသုံးပေးပါက အသားအရေစိုပြည်ကာ အစာအိမ်ကင်ဆာ မဖြစ်ပွားနိုင်အောင်လည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ဘိုလစ်ဘီးယားသမ္မတအား လုပ်ကြံရန် ကြိုးပမ်းမှု ရဲတပ်ဖွဲ့က တားဆီးကာကွယ်နိုင်ခဲ့ဟု ကြေညာ

လာပက် ဧပြီ ၁၈

ဘိုလစ်ဘီးယားသမ္မတ မိုရာလက်စ်က သူနှင့်အတူ ဒုတိယသမ္မတဂါဆီယာလိုင်နာရာ၊ ထိပ်တန်းအစိုးရအရာရှိကြီးများအား လုပ်ကြံရန် ကြံစည်မှုကို ဘိုလစ်ဘီးယားရဲတပ်ဖွဲ့က ဧပြီ ၁၆ရက်တွင် တားဆီးကာကွယ်နိုင်ခဲ့ကြောင်း ထိပ်သီးအစည်းအဝေးကျင်းပသည့် ဗင်နီဇွဲလားနိုင်ငံ ကူမာနာပင်လယ်ကမ်းခြေစခန်းမြို့၌ ဧပြီ၁၇ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

ထုတ်ဖော်ကြေညာ

အိမ်ရှင်ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်နှင့်ကျူးဘားသမ္မတ ရောလ်ကတ်စထရိုတို့နှစ်ဦး တစ်ဖက်တစ်ချက် သူနှင့်အတူရှိနေစဉ်တွင် ဘိုလစ်ဘီးယားသမ္မတ မိုရာလက်စ်က အထက်ပါအတိုင်း ထုတ်ဖော်ကြေညာလိုက်ခြင်း ဖြစ်သည်။

ဖမ်းဆီး

သမ္မတမိုရာလက်စ်အား လုပ်ကြံရန် ကြိုးပမ်းသူငါးဦးအနက် သေနတ်သမားသုံးဦးအား အသေမိပြီး ကျန်နှစ်ဦးကို ဖမ်းဆီးလိုက်သည်ဟု ဆိုသည်။ **(အင်တာနက်)**

အီရတ်အကျဉ်းသားလေးဦးအားသတ်ဖြတ်မှု ကန်တပ်ဖွဲ့ဝင် ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျ

ဝါရှင်တန် ဧပြီ ၁၈

၂၀၀၇ခုနှစ်အတွင်းက အီရတ်အကျဉ်းသားလေးဦးအား သတ်ဖြတ်မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဧပြီ၁၆ရက်က ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း အမေရိကန်စစ်ဘက်က ဧပြီ ၁၇ရက်တွင် ကြေညာသည်။

ကြေညာ

ပြစ်ဒဏ်ချမှတ်ခံရသူမှာတပ်ကြပ်ကြီး ဂျွန်အီးဟက်တလီဖြစ်ပြီး၂၀၀၇ခုနှစ် မတ်လနှင့်ဧပြီလအတွင်းက အီရတ်အကျဉ်းသားလေးဦးကို ကြိုတင်ပြင်ဆင်ပြီး သတ်ဖြတ်ခဲ့မှုဖြစ်သည်ဆိုသည်။ ၎င်းအား ယင်းပြစ်မှုကြောင့် ရာထူးချသည့်အပြင် တပ်မှလည်း ထုတ်ပစ်လိုက်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။ **(အင်တာနက်)**

လွှန်းပြန်ယာဉ်ပြင်ဆင်ထားမှု

ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ နိုင်ငံတကာအာကာသစခန်းသို့ ဖွန်လအတွင်းလွှတ်တင်မည့် အာကာသလွှန်းပြန်ယာဉ် ပြင်ဆင်ထားရှိမှုကို ဧပြီ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှု ကြက်ကောင်ရေ ၂၃၀၀ကျော် သုတ်သင်ခဲ့ရ

ဒါကာ ဧပြီ ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ မြောက်ပိုင်း ကီလိုမီတာ ၃၀အကွာတွင် လွန်ခဲ့သည့်ရက်အနည်းငယ်ကဆာဗာရာဒေသရှိမွေးမြူရေးခြံများ၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက်ကောင်ရေ ၂၃၀၀ကျော်အား သုတ်သင်ရှင်းလင်းခဲ့ရကြောင်း ဒေးလီးစတားသတင်းစာ၌ ဖော်ပြသည်။

၎င်းဒေသရှိ သေကျေပျက်စီးခဲ့သည့်ကြက်များကို ဓာတ်ခွဲစမ်းသပ်ကြည့်ရာ၌ H_5N_1 ဗိုင်းရပ်စ်ပိုးများကိုတွေ့ရှိခဲ့ကြောင်း အဆိုပါရောဂါပိုးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ၂၀၀၇ခုနှစ် မတ်လမှစတင်ကာ ပထမအကြိမ် ကြက်ငှက်တုပ်ကွေးရောဂါ စတင်ဖြစ်ပေါ်လာခဲ့ရာမှ ၂၀၀၇ခုနှစ် စက်တင်ဘာမှ ၂၀၀၈ခုနှစ် မေလအထိ ဒုတိယအကြိမ်၊ စက်တင်ဘာလအတွင်း တတိယအကြိမ် သုံးကြိမ်တိုင်တိုင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ပြီး ဖြစ်သည်။ **(အင်တာနက်)**

အလိုရှိသည့် တာလီဘန်တစ်ဦး ပါကစ္စတန်ရဲက ဖမ်းမိ

အစ္စလမ္မာဘတ် ဧပြီ ၁၈

တာလီဘန်ခေါင်းဆောင် ဘိုင်တူလာမာဆွတ်၏ အနီးကပ်လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ဘက်ရှားဒင်မာဆွတ်ကို ပါကစ္စတန်နိုင်ငံ ကရာချိမြို့တောင်ပိုင်းမှ ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးမိလိုက်ကြောင်း ရဲအရာရှိတစ်ဦးက ဧပြီ ၁၇ရက်တွင် ပြောကြားသည်။

တာဝန်ယူဆောင်ရွက်ပေးသူ

ဘက်ရှားဒင်မာဆွတ်မှာ တာလီဘန်စစ်သွေးကြွများအတွက် လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများ ဖြည့်ဆည်းပေးရေးကို တာဝန်ယူဆောင်ရွက်ပေးသူဖြစ်သဖြင့် ပါကစ္စတန်စီအိုင်ဒီက အလိုရှိနေကြောင်း အဆိုပါ ရဲအရာရှိက ပြောကြား သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ တန်ကျင်းပြည်နယ် ကမ်းရိုးတန်းဒေသ၌ လေပြင်းတိုက်ခတ်မှုကြောင့် သင်္ဘောတစ်စင်း ရေကာတာအား တိုက်မိခဲ့သည်ကို ဧပြီ ၁၈ ရက်က တွေ့ရစဉ်။

(ယင်းဖြစ်ရပ်ကြောင့် သင်္ဘောသား ခုနစ်ဦးပျောက်ဆုံးလျက်ရှိသည်။)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး ရေလွှဲဥမင် တရုတ်၌ တည်ဆောက်မှု ပြီးစီး

ပေကျင်း ဧပြီ ၁၈

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်တွင် ကမ္ဘာ့အကြီးဆုံး ရေလွှဲဥမင်ကြီးတည်ဆောက်မှု လုပ်ငန်းများမှာ ဧပြီ ၁၅ရက်က ပြီးစီးသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

စတင်တည်ဆောက်

အချင်း ရှစ်မီတာရှိပြီး အရှည် ၈၅ ဒသမ၃ ကီလိုမီတာရှည်လျားသည့် ယင်းရေလွှဲဥမင်ကြီးကို ၂၀၀၆ခုနှစ် စက်တင်ဘာလက စတင် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဖြတ်ကျော်ဖောက်လုပ်

လျောင်နင်းပြည်နယ် အရှေ့ပိုင်း ဟွီဂရမ်မြို့မှ ပြည်နယ်မြောက်ပိုင်း စင်ဘင်မြို့အထိ ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ကာ တောင်ကုန်း ၅၀၊ မြစ်ချောင်း ၅၀ကို ဖြတ်ကျော်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ဥမင်တည်ဆောက်ရေး နည်းပညာဌာန အကြီးအကဲ ဇူဂမ်ကွိက ပြောကြားသည်။

ပြောကြား

ယခုနှစ်ကုန်ပိုင်း၌ ယင်းရေလွှဲဥမင်ကြီး၏ လုပ်ငန်းများ စတင်လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုမြို့တော် ခုနစ်ခုရှိပြည်သူသန်းပေါင်း တစ်ရာကျော်အတွက် ရေများ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း လျောင်နင်းပြည်နယ်ရေအရင်းအမြစ် စီမံခန့်ခွဲရေးဌာန အကြီးအကဲက ပြောကြားသည်။

ဂျပန်ရေလွှဲဥမင်

ယခင်က ကမ္ဘာ့အကြီးဆုံး ရေလွှဲဥမင်ဖြစ်သည့် ဂျပန်နိုင်ငံရှိ စီကန်ရေလွှဲဥမင်မှာ ၅၃ဒသမ၈၆ ကီလိုမီတာရှည်လျားကြောင်း သိရသည်။ **(အင်တာနက်)**

ယာဉ်တိမ်းမှောက်

မက္ကဆီကိုနိုင်ငံ ဟီဒယ်လ်ဂိုပြည်နယ် အဝေးပြေးလမ်းမပေါ်၌ မော်တော်ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားနေသည်ကို ဧပြီ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား၌ လေယာဉ်ပျက်ကျ ၁၁ဦးသေဆုံး

ဂျကာတာ ဧပြီ ၁၈

အင်ဒိုနီးရှားနိုင်ငံ ပါပူရာပြည်နယ် မီမီခါမြို့၌ ဧပြီ ၁၇ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်မှူးတစ်ဦး၊ အကူလေယာဉ်မှူးတစ်ဦးနှင့်အတူ လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ကိုးဦးစလုံး သေဆုံးသွားခဲ့သည်။

လေယာဉ်မှာ အီလာဂါမြို့မှ ယင်းနေ့နံနက် ၁၀နာရီဝန်းကျင်ခန့်က စတင်ပျံသန်းခဲ့ပြီး မြေပြင်အခြေစိုက်စခန်းနှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့ပြီးနောက် မွန်းလွဲပိုင်းရောက်မှသာ လေယာဉ်ပျက်ကျသည်ကို အတည်ပြုခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များနှင့် လေတပ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ဧပြီ၁၈ရက်ရောက်မှသာ ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာပေါ်တွင် လေကြောင်းပျံသန်းမှု အန္တရာယ်အများဆုံးနယ်မြေများတွင် ပါပူရာဒေသမှာ တစ်ခုအပါအဝင်ဖြစ်သည်။ **(အင်တာနက်)**

ထိုင်း သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်တိုက်မှုပေါင်း ၃၆၃၄ခုနှင့် သေဆုံးသူ ၃၇၃ဦးရှိခဲ့

ဗန်ကောက် ဧပြီ ၁၈

ထိုင်းရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော်ရက်များအတွင်း ယာဉ်တိုက်မှုများကြောင့် ဒဏ်ရာရသူ ၄၀၀၀ကျော်ရှိပြီး သေဆုံးသူအနည်းဆုံး ၃၇၃ ဦးရှိကြောင်း၊ ယာဉ်တိုက်မှုများအနက် သေဆုံးသူအများဆုံးဒေသမှာ ချင်းမိုင်ပြည်နယ်ဖြစ်ကြောင်းသိရသည်။

ဘေးအန္တရာယ် ကာကွယ်ရေးဌာန၏ ပြောကြားချက်အရ ဧပြီ ၁၀ ရက်မှ ဧပြီ ၁၇ရက်အထိ ခုနစ်ရက်တာကာလအတွင်း ယာဉ်တိုက်မှုပေါင်း ၃၆၃၄ခု ဖြစ်ပွားခဲ့ကြောင်း၊ ယင်းမှာ လွန်ခဲ့သည့်နှစ်ကထက် နည်းပါးကြောင်း ဗန်ကောက်ပို့စ် ဝက်ဘ်ဆိုက်တွင် ဖော်ပြပါရှိသည်။

မူးယစ်သောက်စား

ယင်းသို့ ယာဉ်တိုက်မှုများ များပြားရခြင်းမှာ အဓိကအားဖြင့် မူးယစ်သောက်စားပြီး အမြန်မောင်းနှင်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

တစ်ပတ်အတွင်း နိုင်ငံတကာသဘာဝဘေးသတင်းများ

မြန်မာ့အလင်း

ဧပြီ ၁၂ရက် မှ ၁၈ ရက်

ဧပြီ ၁၂

- နီပေါနိုင်ငံအနောက်ပိုင်း ပါလ်ပါပြည်နယ် ဘန်ဒီဗီမြို့အနီး ဒါဟာရာပါနီ တောအုပ်အတွင်း တောမီးများ လောင်ကျွမ်းခဲ့သည်။ ယင်းတောမီးမှာ ဧပြီ ၁၀ရက်မှ စတင်ကာ လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန်အတွက် ရဲတပ်ဖွဲ့ဝင်များနှင့် နီပေါစစ်ဘက်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
- အမေရိကန်နိုင်ငံ အာကင်ဆတ်စ်ပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သုံးဦးသေဆုံးပြီး ၃၀ကျော် ထိခိုက်ဒဏ်ရာရရှိ သွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။ နေအိမ်အချို့ ပျက်စီးသွားခဲ့ပြီး လေပြင်းများလည်း တိုက်ခတ်သွားခဲ့ကြောင်း၊ မီးတိုင်များလဲကျကာ နေအိမ်များ လျှပ်စစ်မီး ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

ဧပြီ ၁၃

- အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဒက်ရှန်ပြည်နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ ဒေသခံ ၁၀ ဦးသေဆုံးခဲ့ပြီး နေအိမ်များပျက်စီးခဲ့သည်။ ထို့အတူ တာဟာပြည်နယ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဝါဆာဂျ်ခရိုင်အတွင်းရှိ ကျေးရွာအချို့ ရေလွှမ်းခဲ့သည်။
- နီပေါနိုင်ငံအရှေ့ပိုင်း ဆက်တာရီခရိုင် ဘာအီသာကျေးရွာ၌ မြေပြိုမှုဖြစ်ပွားရာ အမျိုးသမီးသုံးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့သည်။ ကျေးရွာအနီးတောင်ပေါ်မှ မြေစိုင်ခဲကြီးများ ပြိုကျခဲ့မှုကြောင့် ဖြစ်သည်။

ဧပြီ ၁၄

- တရုတ်နိုင်ငံမြောက်ပိုင်း ဒေသများတွင် အပူချိန် ၁၂ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းခဲ့ပြီး လေအေးများ တိုက်ခတ်ခဲ့သည်။ ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထု နှစ်ပေခန့်အထိ ရှိခဲ့သည်။ (ယာပုံ) အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နှင်းမုန်တိုင်းများ တိုက်ခတ်ခဲ့သဖြင့် မော်တော်ယာဉ်သွားလာမှု ပြတ်တောက်ခဲ့သည်။

ဧပြီ ၁၅

- ဩစတြေးလျ နိုင်ငံအနောက် တောင်ပိုင်း ဒေသများတွင် တစ်နာရီလျှင် ကီလိုမီတာ ၁၅၀ နှုန်း လေပြင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ နေအိမ်အဆောက်အအုံများ၊ သစ်ပင်များနှင့် ဓာတ်အားပေးတိုင်များ ပြိုကျပျက်စီးခဲ့သည်။ ထို့အတူ မိုးကြိုးပစ်ချမှုကြောင့် သေဆုံးမှုများရှိခဲ့သည့်အပြင် ဓာတ်အားပြတ်တောက်မှုများလည်း ဖြစ်ပွားခဲ့သည်။ ဩစတြေးလျအစိုးရက ကယ်ဆယ်ရေးလုပ်ငန်းများ အရေးပေါ် ဆောင်ရွက်ပေးလျက်ရှိသည်။
- ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးမြို့တွင် သဲမုန်တိုင်းများ ပြင်းထန်စွာ တိုက်ခတ်မှုကြောင့် ပြည်ပသို့ ရေနံတင်ပို့မှုများ ရပ်ဆိုင်းခဲ့ရကြောင်း၊ ထို့အတူ ကူဝိတ်နိုင်ငံတစ်ဝန်း မော်တော်ယာဉ် သွားလာမှုများ ရပ်ဆိုင်းသွားခဲ့ကြောင်း၊ သို့သော် သေဆုံးမှုမရှိကြောင်း ကူဝိတ်နိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

ဧပြီ ၁၆

- ကနေဒါနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မာနီတိုဘာပြည်နယ်ရှိ မြစ်နီမြစ်ရေလျှံမှုဖြစ်ပွားပြီး ရေလွှမ်းခဲ့ရာ ဒေသခံရာပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။ အိမ်ခြေ ၁၀၀ ခန့်ပျက်စီးခဲ့သည့်အပြင် ရက်အတန်ကြာ ရေလွှမ်းမှု ဆက်လက်ဖြစ်ပေါ်ဖွယ်ရှိကြောင်း၊ ကနေဒါနိုင်ငံ၌ ရာစုနှစ်အတွင်း ဒုတိယမြောက် အဆိုးရွားဆုံးရေလွှမ်းမှုဖြစ်ကြောင်း ကနေဒါနိုင်ငံမိုးလေဝသနှင့် ဇလဗေဒဌာနမှ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

- အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း မင်တာဝီကျွန်း၏အနောက်တောင်ပိုင်း ကမ်းလွန် ၃၂ ကီလိုမီတာခန့်အကွာ ရေအောက်ကြမ်းပြင်အနက် ကီလိုမီတာ ၅၀ ကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်မှုမရှိသော်လည်း ဆူမားတြားကျွန်းအနောက်ဘက် ကမ်းခြေဒေသများ၌ နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကြောင်း အင်ဒိုနီးရှားမိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

ဧပြီ ၁၇

- တရုတ်နိုင်ငံတွင် ယခုသီတင်းပတ်ကုန်၌ နေရာစိပ်စိပ်မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း တရုတ်မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။မိုးသည်းထန်စွာ ရွာသွန်းနိုင်သော ဒေသများမှာ မြစ်ဝါမြစ်တောင်ပိုင်းဒေသများဖြစ်ပြီး မိုးကြိုးမုန်တိုင်းများ ပြင်းထန်စွာ ကျရောက်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။ ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စီချွမ်ပြည်နယ်၊ ရှန်စီပြည်နယ်နှင့် ကွမ်ကျိုပြည်နယ်များတွင် မြေပြိုမှုများနှင့် ရေလွှမ်းမှုများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့အတူ အန်ဟွေးပြည်နယ်၊ ဟူဘေးပြည်နယ်နှင့် ကွမ်တုံပြည်နယ်တို့တွင်လည်း မိုးရေချိန် လက်မ၁၀၀မီလီမီတာကျော်အထိ ရွာသွန်းနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

ဧပြီ ၁၈

- အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်အများအပြားပျက်စီးခဲ့ကြောင်း အမေရိကန်အမျိုးသားသဘာဝဘေးဆိုင်ရာဌာနက သတင်းထုတ်ပြန်သည်။ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဒေသခံများသေဆုံးမှုမရှိကြောင်း၊ဓာတ်ကြိုးများပြတ်တောက်ခဲ့ပြီး ဆက်သွယ်ရေးကြိုးများပါ ပြတ်တောက်ခဲ့သဖြင့် ဓာတ်အားဖြန့်ဖြူးနိုင်မှုအခက်အခဲဖြစ်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ဘဝဒဿန

■ *Chance generally favours the prudent.*

❒ များသောအားဖြင့် ရှေ့နောက်တွေးခေါ် မြော်မြင်တတ်သူအား အခွင့်အရေးပေးတတ်သည်။

ဂျိုးဇက်ဂျိုဘတ်

(ပြင်သစ်လူမျိုးအတွေးအခေါ် ပညာရှင်)

အင်တာနက်ကျန်းမာရေး

အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်သော ငါးများစားသုံးလျှင် အမျိုးသားများ ဆီးကျိတ်ကင်ဆာဖြစ်ပွားမှု နည်းပါးစေ

တူနာငါးကိုပုံမှန်စားသုံးသူ အမျိုးသားများသည် ဆီးကျိတ်ကင်ဆာဖြစ်ပွားမှု အခွင့်အလမ်းနည်းပါးစေကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။



တိုက်ဖျက်နိုင်

တူနာငါးတွင် အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်မှု များပြားရာ ယင်းအိုမီဂါ-၃ ဖက်တီးအက်စစ်သည် အမျိုးသားများတွင် အဖြစ်များသော ဆီးကျိတ်ကင်ဆာ ဖြစ်ပွားစေနိုင်သော ကင်ဆာဆဲလ်များကိုတိုက်ဖျက်နိုင်စွမ်းရှိကြောင်း သိရသည်။

ငယ်ရွယ်စဉ်ကစားသုံး

အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်သော ငါးများကို ငယ်ရွယ်စဉ်ကပင် စားသုံးလေ့ရှိခဲ့သူ အမျိုးသား ၂၀၀၀တို့အား သုတေသနပြုခဲ့ရာ ဆီးကျိတ်ကင်ဆာဖြစ်ပွားသူ ဦးရေ လွန်စွာနည်းပါးကြောင်း တွေ့ရှိရကြောင်း ပြောကြားသည်။

ကာကွယ်ပေးနိုင်

ထို့ကြောင့် တူနာ သို့မဟုတ် ဆော်လမွန်ငါးကဲ့သို့ အိုမီဂါ-၃ဖက်တီးအက်စစ် ကြွယ်ဝသည့်ငါးများကို သီတင်းတစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်ခန့် စားသုံးပေးပါက အသက်အရွယ်ရလာသည့်အခါ ဆီးကျိတ်ကင်ဆာ မဖြစ်ပွားစေရန် ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက အကြံပြုထားသည်။

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

အာကာသသိပ္ပံ

ကီပီလာ အာကာသအဏုကြည့်မှန်ပြောင်းမှ ပုံရိပ်ထုတ်ပြန်

ကမ္ဘာဂြိုဟ်နှင့်တူသော အခြားဂြိုဟ်တစ်ခုကို ရှာဖွေရန် နာဆာအဖွဲ့မှ အာကာသသို့ လွှတ်တင်ထားသော ကီပီလာအာကာသ အဏုကြည့်မှန်ပြောင်းမှ ပထမဆုံးပုံရိပ်ကို နာဆာမြေပြင်စခန်းသို့ ပြန်လည်ပေးပို့လိုက်သည်။



ကြယ်တာရာများစွာပါရှိ

ပြီးခဲ့သည့် မတ်လက အာကာသသို့ လွှတ်တင်ခဲ့သော ကီပီလာ အမည်ရှိ မှန်ပြောင်းမှ ပေးပို့လိုက်သော ဓာတ်ပုံတွင် အာကာသတစ်ခုလုံးမှ တောက်ပသော ကြယ်တာရာ များစွာပါရှိသည့် ပုံရိပ်ဖြစ်သည်။

ကြယ်တာရာဖွဲ့စည်းမှု

ယခုပေးပို့လိုက်သော ဓာတ်ပုံအရ အာကာသအတွင်းမှ တောက်ပသည့် ကြယ်တာရာပေါင်း ၁၄သန်းခန့်ကို ရိုက်ယူထားသောပုံဖြစ်သည်။ ထူးခြားသော ကြယ်တာရာဖွဲ့စည်းမှုအနေဖြင့် အာကာသတွင် အဓိကကျသည့် ကြယ်တာရာအရေအတွက်မှာ အနည်းငယ်သာရှိကြောင်း ယခုပေးပို့သော ဓာတ်ပုံအရ သိရသည်။

လွှတ်တင်ထား

ကမ္ဘာဂြိုဟ်နှင့်တူသော ကြယ်တာရာတစ်လုံးကို ရှာဖွေရန်အတွက် ကီပီလာအမည်ရှိ အာကာသအဏုကြည့်မှန်ပြောင်းကို အာကာသအတွင်း သုံးနှစ်ခွဲကြာ လွှတ်တင်ထားမည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ဟာသ

ဘဝ အမောပြေ

ရေကူးလေ့ကျင့်နေတာပဲ....

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်းတစ်ခု၌ ရေကူးနေသော ကမ္ဘာလှည့်ခရီးသည်တစ်ဦးအား ကမ်းခြေလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက မေးမြန်းလေသည်။

လုံခြုံရေး။ ။ ဘာဖြစ်လို့ရေကူးနေတာလဲ။
ရေကူးသူ။ ။ ရေကူးလေ့ကျင့်နေတာပါ။
လုံခြုံရေး။ ။ အန္တရာယ်များတယ်...မကူးပါနဲ့။
ရေကူးသူ။ ။ ကျွန်တော်ရေကူးကျွမ်းကျင်ပါတယ်။
လုံခြုံရေး။ ။ ဒါကြောင့်မဟုတ်ဘူး။ မြန်မြန်ကမ်းပေါ်တက်ပါ။
ရေကူးသူ။ ။ မစိုးရိမ်ပါနဲ့။
လုံခြုံရေး။ ။ ကဲ...ခင်ဗျားသဘောပဲ။
ငမန်းတွေတော့ အုပ်လိုက်လာနေပြီဗျ။
ရေကူးသူ။ ။ 'ဗျာ'

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို မတ်၂၈ရက် နံနက်၉နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကြသည်။ (ခရိုင် ပြန်/ဆက်)

ဖန်းမော်စည်ပင် ကတ္တရာလမ်းပေါက်များဖာထေး

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဆင်ဖြူရှင်လမ်းကတ္တရာလမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို မတ်၂၄ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဇော်ဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရဲကျင့်ဝတ်စာမေးပွဲ ရေစကြို၌ကျင်းပ

မကွေးတိုင်း ရေစကြိုမြို့ မြို့နယ်ရုံးခန်းမဆောင်၌ ရဲကျင့်ဝတ်စာမေးပွဲကို မတ်၂၉ရက်က ကျင်းပရာ အဆိုပါ စာမေးပွဲသို့ ရေစကြိုတစ်မြို့နယ်လုံးမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိ၊အရာခံ၊ အကြပ်နှင့် တပ်သား၄၅ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။ (၁၆၉)

မြိတ်၌ မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မြိတ်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြိတ်မြို့နယ်မီးသတ်ဦးစီးဌာနက ဦးစီးကျင်းပသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်မှုကို မတ် ၂၂ရက် နံနက် ၁၀နာရီက မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် မြို့မစည်ပင်သာယာရေးဈေးကြီးရှေ့တွင် ကျင်းပရာ အဆိုပါလေ့ကျင့်မှုသို့ မြို့နယ်စည်ပင်၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်းလေ့ကျင့်ကြသည်။ (ခရိုင် ပြန်/ဆက်)

နွေရာသီအားကစားသင်တန်း သီပေါ၌ဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နွေရာသီအားကစားပေါင်းစုံ သင်တန်းဖွင့်ပွဲကို ဧပြီ ၄ရက် နံနက် ၁၀ နာရီက အမှတ်(၁)မူလတန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းဆွေတို့က သင်တန်းဖွင့်အမှာစကားပြောကြားပြီး အဆိုပါအားကစားသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၁၇၀တက်ရောက်ကြကာ သင်တန်းကာလ ရက်သတ္တသုံးပတ်ဖြစ်သည်။ (ဝ၂ဝ)

ခင်ဦး၌ ဆင်ခြေထောက်ရောဂါကင်းရေးဆေးတိုက်ကျွေး

ခင်ဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစမ်းစမ်းမြင့်နှင့် ဝန်ထမ်းများ၊ ပြည်သူလူထုအထောက်အကူပြုအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆေးတက္ကသိုလ်(မကွေး) နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသားကျောင်းသူများ စုပေါင်း၍ မြို့ပေါ်လေးရပ်ကွက်နှင့် ၅၉ အုပ်စုရှိ ကျေးရွာများတွင် နေထိုင်သူအားလုံး အသက်နှစ်နှစ်အထက် ၁၅၉၂၂၉ဦးကို မတ် ၂၄ရက်က ဆင်ခြေထောက်ရောဂါကင်းဝေးရေး ဆေးတိုက်ကျွေးပေးခဲ့သည်။ (၁၈၂)

ပင်လည်ဘူး၌ အကြိုမီးသတ်ပညာသင်တန်းဖွင့်

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့ အရန်မီးသတ်တပ်ဖွဲ့၏ ၂၀၀၉ခုနှစ် နွေရာသီ အခြေခံစစ်ပညာနှင့် အကြိုမီးသတ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၇နာရီက မီးသတ်တပ်ဖွဲ့ စစ်ရေးပြကွင်း၌ ကျင်းပရာ မြို့ပေါ်နှင့် ငါးမိုင်ဝန်းကျင်ကျေးရွာများမှ လူငယ်အင်အား ၆၀ တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ မတ် ၂၅ရက်မှ ဧပြီ ၈ရက်အထိ ကြာမြင့်ခဲ့သည်။ (ဝ၂၉)

နွားထိုးကြီး၌ ဆက်သွယ်ရေးဖုန်းငှားရမ်း

နွားထိုးကြီးမြို့နယ်တွင် ဂျီအက်စ်အမ် မိုဘိုင်းလ်ဖုန်း အလုံး၂၀၀ကို တတိယအသုတ် တိုးမြှင့်ငှားရန် မတ်၃၀ရက်က နွားထိုးကြီး တယ်လီဖုန်းကော်မတီက လျှောက်ထားသူ ၁၂၀၀ခန့်မှ စိစစ်ရွေးချယ်ထားသည်။ ယခုတတိယအသုတ် အလုံး ၂၀၀ပါဆိုလျှင် ဖုန်း အလုံး ၉၀၀ ငှားရမ်းနိုင်ပြီဖြစ်သည်။ နွားထိုးကြီးမြို့အတွက် မိုဘိုင်းလ်ဖုန်းအလုံး ၁၀၀၀ငှားရမ်းမည်ဖြစ်သည်။ (ဝ၉၂)

ရမည်းသင်း၌ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲကျင်းပ

မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် တိုင်းအတွင်းနေပြည်သူတို့ ဈေးနှုန်းသက်သာစွာ ပစ္စည်းများဝယ်ယူသုံးစွဲနိုင်ရေးအတွက် အထူး ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို မတ် ၂၇ရက်မှ ၃၁ရက်အထိ ရမည်းသင်းမြို့ သီလဝခန်းမ၌ ဖွင့်လှစ်ရောင်းချပေးခဲ့သည်။ (၁၆၉)

မိုးညှင်း၌ မော်တော်ယာဉ်လိုင်းအသင်း ဆိုင်းဘုတ်ဖွင့်

မိုးညှင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရွှေကချင်ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းအသင်း ဆိုင်းဘုတ်တင်ဖွင့်ပွဲကို မတ် ၂၇ရက် နံနက် ၈နာရီက ဟိုပင်မြို့ မြသီတာရပ်၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း ဥက္ကဋ္ဌ ဗိုလ်ကြီးရန်ခင်(ငြိမ်း)နှင့် မြို့မိမြို့ဖ ဦးညီလေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါ ယာဉ်လိုင်းသည် ဟိုပင်မြို့မှ မိုးညှင်း-ကသာသို့လည်းကောင်း၊မိုးကောင်း-မြစ်ကြီးနားသို့ လည်းကောင်း၊ တာမခန်၊ ဆိပ်မူ၊ ဖားကန့်တို့သို့လည်းကောင်း ပြေးဆွဲပေးမည်ဖြစ်သည်။ (ဝဝ၂)

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၈

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် ဧပြီ၂ရက်က လှိုင်းဘွဲမြို့နယ် ရေဘုတ်ရေလှောင်တမံစီမံကိန်းလုပ်ငန်းများ၊ ဘားအံ-လှိုင်းဘွဲ ကားလမ်းဘေး ထီလုံကျေးရွာရှိ အိမ်ရာများ ဆောက်လုပ်ထားရှိမှုနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများအားလည်းကောင်း၊ ပိုင်ကျုံမြို့သို့ ရောက်ရှိပြီး စုပေါင်းရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ရပ်မိရပ်ဖများအားလည်းကောင်း တွေ့ဆုံသည်။

ဆက်လက်၍ ပြည်နယ် ဥက္ကဋ္ဌသည် ပိုင်ကျုံမြို့၌ မော်တော်ယာဉ်ဂိတ်ပြုလုပ်မည့်နေရာ၊ ပိုင်ကျုံတံတားနှင့် မဲတပူတူးမြောင်း တူးဖော်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်နယ် ဥက္ကဋ္ဌသည် ကော့ကရိတ်မြို့နယ် ပေါင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ပတတံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဧပြီ၃ရက်တွင် ဘားအံမြို့ အောင်သံလွင်ပြည်နယ်အားကစားကွင်း ပွဲကြည့်စင်သစ် တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာအချိန်တွင်ပန္နက်တင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး မော်လမြိုင် မြိုင်ရတနာဈေး၌ သရုပ်ပြသ

မော်လမြိုင် ဧပြီ ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှုကြိုတင်သရုပ်ပြသခြင်း အခမ်းအနားကို မတ် ၂၆ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်ရတနာဈေး၌ ကျင်းပသည်။

ကြည့်ရှုအားပေး

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ခြင်း၊ သရုပ်ပြ လေ့ကျင့်ခြင်းအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မွန်ပြည်နယ် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်၊ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် အောင်ဝင်းစန်၊ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော်တို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားတွင် မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံချက်များနှင့် ခေတ်မီ မီးသတ်ဆေးဘူးများအကြောင်း ရှင်းလင်းတင်ပြပြီး မီးသတ်တပ်ဖွဲ့ဝင်များက ရေသဲ၊ခေတ်မီမီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုများ လက်တွေ့ဇာတ်တိုက် သရုပ်ပြ မီးငြိမ်းသတ်ကြသည်။

လက်တွေ့သရုပ်ပြ

ဆက်လက်၍ တက်ရောက်လာကြသူများက ခေတ်မီ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ကြသည်။ **(အပေါ်ပုံ)** (ဝ၁၄)

မြန်မာနှစ်သစ်ကူး အခါသမယနှင့် ကြိုးတန်းကပေးသော ရသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဧပြီ ၁၈

နှစ်သစ်ကူးအခါသမယ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများပေါ်သို့ ကြိုးတန်း ရောက်လာသည်။

ကြိုးတန်းမှာ ဇာတ်လမ်းဇာတ်အိမ်က မည်မည်ရရမရှိ။ သရုပ်ဆောင်ကို အဓိကအားပြု ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။ အားပြုသလောက်လည်း ဝါရင့်သရုပ်ဆောင်များပီပီ အားလုံးကောင်းကြပါပေသည်။ မြန်မာရုပ်ရှင်လောကတွင် ထူးထူးခြားခြား ခွဲထွက်လာသော ဇာတ်လမ်းဟုဆိုရပါမည်။ မဲပြာဇာတ်လမ်း မျိုးမဟုတ်။ အချို့ရုပ်ရှင်ဇာတ်လမ်းများတွင် ငါးစိမ်းသည်ဘဝ တစ်စိတ်တစ်ဒေသလောက်ကိုသာဖော်ကျူးရိုက်ကူးထားသည်ကိုတွေ့ရဖူးသော်လည်း ကြိုးတန်းတွင် တံငါသည်နှင့် ငါးစိမ်းသည်တို့ဘဝကို အပြည့်စုံဆုံးဖြစ်အောင် အသေးစိတ်ခြယ်မှုန်းထားသည်။

တံငါသည်ဟူသည် ဘဝပေးအခြေအနေအရ ယဉ်ကျေးနေ၍မရ၊ နူးညံ့နေ၍မဖြစ်။ နေထဲလေထဲရေထဲတွင် အသက်ပေါင်းများစွာကို ရှာရဖွေရလုပ်ကိုင်စားသောက်ရသဖြင့် စရိုက်ကြမ်းသည်၊ ရိုင်းပျသည်၊ ရမ်းကားသည်။ တစ်ကိုယ်ကောင်းဆန်ချင်ဆန်မည်။ သို့သော်သူလည်းလေး လောကီလူသားပေမို့ ခံစားတတ်သော၊ ကြင်နာတတ်သော၊ ချစ်တတ်ငဲ့ညှာသနားတတ်သောကောင်းကွက်လေးများကိုလည်း သူတို့တွင် တွေ့ရတတ်သည်။ လုပ်ငန်းသဘာဝအရ ကြမ်းတမ်းခက်ထန်သည်ဟုထင်ရသော တံငါသည်တို့၏ဘဝနှင့် စရိုက်ကို ကျော်ဟိန်းနှင့် ကျော်ရဲအောင်တို့က အပီပြင်ဆုံး ဖော်ကျူးနိုင်သလို စိုးမြတ်သူဇာနှင့် ထွန်းအိန္ဒြာဗိုကလည်း တံငါသည်မိန်းမပီပီ ငါးစိမ်းသည်မစစ်စစ်ဖြစ်သွားကြသည်။ တံငါသည်နှင့် ငါးစိမ်းသည်ဟူသည် ရေအိုးနှင့်ရေမှုတ်ပင် မဟုတ်ပါလော။

ရည်ရွယ်ချက်

သို့သော် ကြိုးတန်း၏ ရည်ရွယ်ချက်မှာ တံငါသည် ငါးစိမ်းသည်တို့၏ဘဝသရုပ်ဖော်လောက်တွင်ရပ်မနေ။ လောဘဟူသည် အိုးနှုတ်ခမ်းလို အဆုံးသတ်မရှိ။ ရလေလိုလေ၊ လိုက်လေဝေးလေ၊ ဖြည့်လေမပြည့်လေဖြစ်ကြောင်း ခေါင်းအုံးစုဘူးနှင့် ဝါးဆစ်စုဘူးလေးဖြင့် ပါးပါးလေး ပြထားသည်။ တီဗွီဝယ်ဖို့၊ သားရှင်ပြုဖို့ရည်ရွယ်ချက်ဖြင့် စုလိုက်၊ ကုန်သွားလိုက်နှင့် နောက်ဆုံးမပြည့်သည့်အတူတူ စိုးမြတ်သူဇာနှင့် ကျော်ရဲအောင်တို့က စုဘူးကို ခွဲပစ်လိုက်တော့မှ ရပ်သွားသည်။ သူတို့က လောဘသတ်နည်း ပြပြီးတော့ လောကတွင် အတ္တာဟိ အတ္တနော နာထောဆိုသော စကားနှင့်အညီ မိမိကိုယ်သာမိမိ အားကိုးထိုက်ကြောင်း ကျော်ဟိန်းက သူခိုးဖမ်းမပေးနိုင်သော အရှင်ကြီးပွဲကို ဓားနှင့်ခုတ်ဖျက်ဆီးပစ်လိုက်ခြင်းဖြင့် သက်သေထူလိုက်သည်။

ပြီးတော့ အသိဉာဏ်ပညာနည်းသူများမှာသာ တွေ့ရလေ့ရှိသော လောဘ၊ ဒေါသ၊ အာဃာတ၊ မစ္ဆရိယစိတ်ကို တံငါသည် နှစ်စုံတွဲကြားတွင် ထင်ထင်ရှားရှား ပြသထားသည်။ကျောက်နီတို့လင်မယားနှင့် လှဆောင်းတို့လင်မယား တံငါသည်ချင်းအတူတူ ဆင်းရဲစဉ်က၊ အဆင်မပြေကြစဉ်က တစ်ဦးနှင့်တစ်ဦးဖေးမကာ ဒုက္ခကို မျှဝေခံစားနိုင်ကြသော်လည်း ကျောက်နီတို့

ကြိုးတန်းဇာတ်ကားမှ ကျော်ဟိန်းနှင့် ကျော်ရဲအောင်တို့၏ စရိုက်နှစ်မျိုး။

အဆင်ပြေလာသောအခါ ကျောက်နီက ထောင်ထောင်ဖြစ်လာသည်။ မကျော့က လေသံကျယ်လာသည်။ ထိုအခါ လှဆောင်း မိန်းမကပြုံးစူလာသည်။ဤတွင် လှဆောင်း မုဒိတာမပွားနိုင်တော့။ မစ္ဆရိယစိတ်ဝင်ကာ ကိုယ့်ထက်သာ မနာလိုဖြစ်လာသည်။ သည်လိုနှင့် လောဘကနေ ဒေါသဖြစ်လာသည်။ ဒေါသကနေ အာဃာတ လှိုင်းတံပိုးထန်လေသောအခါ ပေါက်ကွဲကုန်တော့သည်။ ဆရာတော်က တရားပြသည့်တိုင် မကျေနိုင်၊ မချမ်းနိုင်ဘဲ ဘယ်သူမှမပိုင်သော သောင်ခုံပေါ်မှာနေပြီး ရေထဲဘယ်နေရာ နေမှန်းမသိသည့် ငါးကို ပိုက်ကွန်ဖြင့် မရေမရာ ရှာဖွေဖမ်းစားနေရသော တံငါတဲနှစ်လုံးကြားတွင် ကြိုးတန်းဖြစ်လာသည်။

ဤကြိုးတန်းသည် သာမန်ကြိုးတန်း မဟုတ်။ အဘိဓမ္မာဆန်သော ကြိုးတန်းဖြစ်သည်။ တံငါသည်ဘဝကို အပေါ်ယံကြည့်လျှင် ကြမ်းတမ်းသယောင် ထင်ရသလို ကြိုးတန်းကို အပေါ်ယံရုပ်ကြည့်လျှင် တသုန်သုန်တိုက်ခတ်နေသော မြစ်လေတဖြူးဖြူးတွင် တဖျပ်ဖျပ်လှုပ်ခါနေသော ကွပ်ကွပ်အိတ်ကြိုးတန်းဟူ၍သာမြင်မိကြပေလိမ့်မည်။ ကြိုးတန်းကပေးသော ဓမ္မရသကို နှစ်သစ်ကူး အခါသမယတွင် အပြည့်အဝ ခံစားနိုင်ကြပါစေသတည်း။

ရိုက်ကွင်းဘုရင်ဇာတ်ကားမှ မိုးအောင်ရင် နှင့် ဝိုင်းစုခိုင်သိန်း။

နိုင်ငံခြားဇာတ်ကားများ

ရှေ့ဆောင်ရုံတွင်၂၀၀၈ခုနှစ်အတွက် အော်စကာသုံးဆုရ ဇာတ်ကား The Curious case of Benjamin Button ဇာတ်ကား ဆက်လက် ပြသနေပြီး နေပြည်တော်ရုံတွင် ဂျာမန်တပ်မတော်မှ အရာရှိကြီးတစ်ဦးက ဟစ်တလာနှင့် နာဇီအစိုးရအားလုပ်ကြံသတ်ဖြတ်ရန် လှို့ဝှက်ကြံစည်သော သမိုင်းနောက်ခံစစ်ကား Valkyrie ရုံဝင်လာသည်။ တွမ်ခရုစ်ပါဝင်ထားသည်။ မြို့မရုံတွင် အဘိရှက်ဘချမ်း၊ အက်ရှေးကူးမားရ်နှင့်မင်းသမီးချော ကရစ်မားကာပူးရ်တို့ ပါဝင်ထားသော Haan Maine bhipyaar Kiya ဇာတ်ကားဖြင့် ဖျော်ဖြေလျက်ရှိသည်။ မြို့လယ်ဘုရင့်ရုံတွင် ရှာရွှတ်ခန် ဇာတ်ကားသစ် Om Shanti Om ပြသနေပြီး ဆုထူးပန်ရုံတွင် ဒါရိုက်တာ ညီညီထွန်းလွင်၏ **အချစ်ကလန်းတယ်** တစ်ကျော့ပြန်လည်ရုံဝင်လာသည်။ဝဇီရာရုံ(၁)နှင့် မြေနီကုန်းရတနာပုံ၊ ရွှေဗဟိုရ်၊ဘုရင့်နောင်၊ရောဝတီရုံများတွင် **အများနှင့်မသက်ဆိုင်သောသူ**၊ ရွှေမန်း၊ စံပြ၊ သီတာ၊ မြရတနာရုံများတွင် ဒါရိုက်တာ မိုက်တီး ရိုက်ကူးပြီး လွင်မိုး၊ မင်းကို၊ ဂျွန်ဂို၊မိုးအောင်ရင်၊အိန္ဒြာကျော်ဇင်၊ ဝိုင်းစုခိုင်သိန်း၊ချိုပြုံးတို့ပါဝင်ထားသော**ရိုက်ကွင်းဘုရင်** အဆင့်မြင့်မြန်မာဗီဒီယို ဇာတ်ကား ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

သုံးခွမြို့နယ်၌ မြန်မာ့ဂုဏ်ရောင်စာကြည့်တိုက် အဆောက်အအုံဖွင့်

သုံးခွ ဧပြီ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပတုပ်ကျေးရွာအုပ်စု သူကြီးပတုပ်ကျေးရွာ မြန်မာ့ဂုဏ်ရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၁၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်၊ အလှူရှင် ဒေါက်တာမြင့်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် ယင်းစာကြည့်တိုက်တွင် လှူဒါန်းပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက စာအုပ်မျိုးစုံ အုပ် ၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ၇၅အုပ်နှင့် အလှူရှင် ဒေါက်တာမြင့်သိန်းက ဂျာနယ် အစောင် ၃၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒဂုံမြို့နယ် ပြည်လမ်းအနောက်ရပ်ကွက်၌ စာဖတ်စွမ်းရည်ပြိုင်

ရန်ကုန် ဧပြီ ၁၈

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဧပြီ ၁၀ရက်က ပြည်လမ်းအနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုက စာအုပ်စာပေလူ့မိတ်ဆွေ ခေါင်းစဉ်ဖြင့် ဟောပြောပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ ပထမဆု ရရှိသော မောင်သန်းထိုက်အောင်၊ ဒုတိယဆု ရရှိသော မောင်ဆန်းတင့်နှင့် တတိယဆုရရှိသော မောင်အောင်သူရိန်တို့အား မြို့နယ် ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုက ဆုများချီးမြှင့်ပေးသည်။

(ယာပုံ) (မြို့နယ် ပြန်/ဆက်)

ဧပြီ ၅ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက်အတွင်း မူခင်းကျဆင်းရေး ရက်သတ္တပတ်ပူးပေါင်း ဆောင်ရွက်မှု အသိပညာပေးဟောပြောပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဇော်ထွန်းက ပညာပေးဟောပြောစဉ်။ (မြို့နယ်ရဲတပ်ဖွဲ့)



ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကျောင်းကုန်း၌ စာအုပ်များ ပေးအပ်လှူဒါန်း

ကျောင်းကုန်း ဧပြီ ၁၈

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်တွင် ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စာအုပ်လှူဒါန်းပွဲကို ဧပြီ ၁၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်က စာအုပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက ဒေသဖွံ့ဖြိုးရေးတွင် ပါဝင်သည့် စာကြည့်တိုက်ကဏ္ဍ၏ အရေးပါပုံ၊ ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာအောင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အလှူရှင်အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လက်ခံရယူ

ဆက်လက်ပြီး စာအုပ်လှူဒါန်းပွဲ ကျင်းပရာ အလှူရှင် သုဓမ္မမဏိဇောတရေ ဦးသိန်းမောင်(လူမှုထူးချွန်တတိယဆင့်)-ဒေါ်တင်လှ(ရွှေလမင်းဆေးလိပ်ခုံ)မိသားစုက (၃၈)ဖြာမင်္ဂလာကျမ်းစာအုပ် ၁၀၀နှင့် သိမှတ်စရာအုပ်ရေ ၆၈အုပ်အတွက် တန်ဖိုးငွေကျပ် ၃၃၁၆၀၀ တန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်များကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက လက်ခံယူသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်၊စာပေ လေ့လာစို့

စဥ့်ကူးမြို့ (၂)ရပ်ကွက်ရုံး အဆောက်အအုံသစ်ဖွင့်

စဥ့်ကူး ဧပြီ ၁၅

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အလှူရှင် စဥ့်ကူးမြို့ အမှတ်(၂)ရပ်ကွက်နေ ဦးဝင်းမောင်လေး-ဒေါ်ဥမ္မာကြည်(ရတနာကဖေး)မိသားစုက တန်ဖိုးငွေကျပ်သိန်း ၅၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းသော စဥ့်ကူးမြို့ အမှတ်(၂) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၇ ရက် နံနက်ရနာရီက အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အလှူရှင် ဦးဝင်းမောင်လေးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် အလှူရှင်ဦးဝင်းမောင်လေးက ရုံးအဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှထံ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌက အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကန်ပက်လက်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကန်ပက်လက် ဧပြီ ၁၈

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ခါနန်းကျေးရွာ ဘောစနူးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အဆောက်အအုံကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကီးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဘူလွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်များ ခိုင်မာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို အခြေခံပညာမူလတန်း ကျောင်းဆောင်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးလိန်းကီးက စာကြည့်တိုက်ပညာများကို ဆွေးနွေးပို့ချသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းကြက်ခြေနီလုပ်ငန်း ရှင်သန်ဖွံ့ဖြိုးရေး သင်တန်းဖွင့်

ဘားအံ ဧပြီ ၁၈

ကျောင်းကြက်ခြေနီလုပ်ငန်း ရှင်သန်ဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီက ဘားအံမြို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ (အောက်ထပ်)၌ ကျင်းပရာ ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် အမှုဆောင်ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ပြောကြားကာ ပြည်နယ်ဥက္ကဋ္ဌက သင်တန်းထောက်ပံ့ကြေးငွေကျပ် တစ်သိန်းကို ချီးမြှင့်ရာ ကရင်ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူး(ပထမတန်း) ဦးခွန်ကျော်ဝင်းက လက်ခံရယူသည်။ (၀၀၈)

ပေါင်မြို့၌ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပေါင် ဧပြီ ၁၈

ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာတွင် ငွေကျပ် ၂၅သိန်းတန် ကိုယ့်အားကိုယ်ကိုး ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်သွေးနှင့် သဲဖြူကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (၁၇၆)

ပဲခူးရိုးမ အလိုင်နီဒေသမှ ရော်ဘာလုပ်ငန်း

သတင်းမှတ်စု - သတင်းထောက် ထွန်းဇော်(စမ်းချောင်း) ဓာတ်ပုံ - မြင့်အောင်(အလုံ) စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ ရာသီမရွေးစိုက်ပျိုးနိုင်ရန် နှစ်တို၊ နှစ်ရှည်၊ သီးပင်၊ စားပင်များ စဉ်ဆက်မပြတ် လည်ပတ်မှုရှိစေရန်အတွက် ဆည်၊ မြောင်း၊ ရေကန်၊ စက်ရေတွင်း၊ မြစ်ရေတင်လုပ်ငန်းများကို စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

အလိုင်နီဒေသ

သတင်းဆောင်းပါး ကိစ္စဖြင့် စာရေးသူတို့နှစ်ဦး ပဲခူးမြို့မှ အပြန် မိတ်ဆွေ ကိုတင်ဝင်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း) အမှုဆောင်က ၄င်းတို့ ပဲခူးမြို့သို့ လာနေကြောင်းနှင့် ပဲခူးရိုးမ ရော်ဘာအထူးဇုန် အလိုင်နီ ဒေသသို့ သွားမည်ဖြစ်၍ လိုက်ပါရန် ဖိတ်ကြားသည်။

အစေးခြစ်သူတို့အဖို့ ဤသို့ ကိုယ့်အပင်နှင့်ကိုယ် စနစ်တကျ ခြစ်ကြရသည်။ (မြန်မာ့အလင်း)

သိပ်မကြာလှပါ၊ ကားနှစ်စီးဖြင့် ရောက်လာကြပြီး ရန်ကုန်-မန္တလေး လမ်းမကြီး ဝဲဘက်ရှိ ဥသာမြို့သစ် ၁၄/၁၆ရပ်ကွက်ကိုဖြတ်၍ ဓမ္မစေတီ လမ်းမကြီးသို့ ဝင်ခဲ့ကြရာ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဆည်မြောင်းဦးစီးဌာန ဆည် မြောင်းပညာရပ် ဖွံ့ဖြိုးလေ့ကျင့်ရေး ဌာနခွဲ ITC သင်တန်းကျောင်းရှေ့မှ မြောက်ဘက်စူးစူးသို့ ကွန်ကရစ်ခင်း လမ်းအတိုင်း လာခဲ့ကြရာ နေပူပူ အောက်တွင် ပင်ပန်းသော်လည်း မောရမှန်းပင် မသိကြ။

စိုက်ပျိုး

ပဲခူးရိုးမ ရော်ဘာ အထူးဇုန် အလိုင်နီဒေသသည် နိုင်ငံတော်အစိုးရ မှ စီမံကိန်းချမှတ်ပြီး ၁၉၉၆ ခုနှစ်မှ စတင်၍ ရော်ဘာစိုက်ဧက သုံးသောင်း သတ်မှတ် စိုက်ပျိုးခဲ့သည်။

တိုင်းရင်းသား လုပ်ငန်းရှင်များ အနေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုး ခွင့်ပြုခဲ့ရာ စိုက်ဧက ၂၂၀ မှ စိုက်ဧက ၈၅၀အထိ စိုက်ပျိုးခွင့် အသီးသီးရရှိ ခဲ့ကြသည်။ စာရေးသူတို့ ရောက်ရှိနေ သော ခြံရှင် ဦးကြည်ညွန့်၊ ခြံမန်နေဂျာ ဒေါ်သီသီစိုးတို့၏ ပုညဝမုန ရော်ဘာ ခြံသည် စိုက်ဧက၂၂၀ ရှိသည်။

ယခုအခါ ခေတ်မီဖွံ့ဖြိုးတိုးတက် လာသော နည်းပညာများ အရ ထိုင်းမျိုးဖြစ်သော BPM 24-PB 260 နှင့် RRIM.660 တို့ကို အသုံးပြု လာကြပြီဖြစ်ရာ ရော်ဘာစေး အထွက် နှုန်း ပိုမိုကောင်းလာ၍ ရော်ဘာ စိုက်ပျိုးသူတို့ ဝမ်းသာပီတိ ဖြစ်ကြရ သည်။

ထွက်အားကောင်း

ရော်ဘာစေး ထွက်အား ကောင်း၍ နံနက်မိုးလင်းသည် အထိ လက်ကျန်အစေးများ ကျလျက်ရှိသည်။

(မြန်မာ့အလင်း)

"ထိုင်း မျိုးကောင်းများကို သာ စိုက်ပျိုးထားပါတယ်"

ဦးကျော်လွင်
မန်နေဂျာ
ရိုးမစတား ရော်ဘာခြံ

"စိုက်ဧက ၈၅၀ ကို ၁၉၉၆ ခုနှစ်မှာ စတင်စိုက်ပျိုးခဲ့ပါတယ်"

ဦးစိုးမိုး
ရိုးမစတား
ရော်ဘာခြံလုပ်ငန်းရှင်

နှစ်ဦးနှစ်ဖက်အဆင်ပြေ

ယခုအခါ နောက်ပိုင်း ခြံရှင်တို့ ရင်းနှီးမြှုပ်နှံမှု များစွာပြုလုပ်၍ ခြံ လုပ်သားများ၏ စားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့ ခြင်းကြောင့် ယခုအခါ နှစ်ဦးနှစ်ဖက် အဆင်ပြေလျက် ရှိသည်။

ရှက်နုထွက်ချိန်

နတ်တော်လတွင် ရော်ဘာစေး လုံးဝမထွက်ဘဲ ရက်ပေါင်း၃၀ကျော် စောင့်ပြီးမှ အစေး ပြန်ခြစ်ရပြီး ရှက်နုထွက်ချိန်တွင်လည်း အစေးခန်း သဖြင့် ရှက်နုထွက်ချိန် စေ့သည် အထိ စောင့်ကြရသည်။ အစေ့ခြစ် သူတို့အား နံနက် ၂နာရီတွင် ကင်း သံချောင်းခေါက်၍ နှိုးကြရပြီး လုပ်ကွက်အလိုက် အစေးခြစ်ယူကြ ရာ နံနက် ၆နာရီတွင် ပုံမှန် အစေးခံ ခွက်များ အပြည့်အဝရရှိပြီး သိမ်းယူ ခဲ့ကြသည်။

အခြောက်ခံနေလှန်း

နေ့လယ်ပိုင်းတွင်ခြစ်ပြီး အစေး များအား အက်စစ်ရော၍ ခဲအောင် ပြုလုပ်ကြရပြန်သည်။ ရော်ဘာပြား ဖြစ်အောင် လက်လှည့်စက်ဖြင့် ကြိတ်ပြီး လေးရက်ခန့် အခြောက်ခံ နေလှန်း၊ ခြောက်သော ရော်ဘာပြား များကို အလုံပိတ်ထားသော အုတ် တိုက်တွင် မီးခိုးမှိုင်းတိုက်၍ သပ်ရပ် လှပအောင်ပြုပြင်ပြီး ဈေးကွက်သို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်ကြ ရကြောင်း သိရသည်။

ပုညဝမုနရော်ဘာခြံ မန်နေဂျာ ဒေါ်သီသီစိုးက ရှင်းလင်းပြောပြစဉ်။
(မြန်မာ့အလင်း)

ပဲခူးရိုးမ ရော်ဘာအထူးဇုန် အလိုင်နီဒေသသည် နိုင်ငံတော်အစိုးရမှ စီမံကိန်းချမှတ်ပြီး ၁၉၉၆ခုနှစ်မှစတင်၍ ရော်ဘာစိုက်ဧက သုံးသောင်း သတ်မှတ်စိုက်ပျိုးခဲ့။

တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးခွင့်ပြုခဲ့ရာ စိုက်ဧက၂၂၀မှ စိုက်ဧက ၈၅၀ အထိ စိုက်ပျိုးခွင့် အသီးသီးရရှိခဲ့။

အဝယ်လိုက်

ပလတ်စတစ်ပစ္စည်းမျိုးစုံ ထုတ် လုပ်သော ထိုင်းနိုင်ငံမှ ယခုအခါ ပြန်လည်အဝယ်လိုက်လာ၍ ရော်ဘာ စိုက်ပျိုး ထုတ်လုပ်သူတို့အတွက် ဝမ်းမြောက်မိပါကြောင်း သတင်း မှတ်စု ရေးသားဖော်ပြလိုက်ရပါ သည်။ ။

(မြန်မာ့အလင်း)

မျက်စိတစ်ဆုံး

ဧက ၈၅၀ ရိုးမစတားရော်ဘာ စိုက်ကွင်းမှ ပြန်လည် ပျိုးပင် ထောင်များက မျက်စိတစ်ဆုံး ကြည့်မဝရှိလှသည်။

(မြန်မာ့အလင်း)

● ရှေ့ဖုံးမှ

ဖြူးချောင်း ဖြတ်သန်းစီးဆင်းရာ ဖြူးမြို့ပတ်ဝန်းကျင်တွင် နှစ်စဉ်ပျမ်းမျှမိုးရေချိန် လက်မ ၁၀၀ခန့် မိုးရွာသွန်း၍ ဖြူးချောင်း၏ ရေဆင်းဧရိယာ ၄၂၂စတုရန်းမိုင်သို့ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၆၆၈၀၀၀ စီးဆင်းလျက်ရှိသည်။

ရေစီးရေလာများပြား

ဖြူးချောင်းဖြတ်သန်းစီးဆင်းရာဧရိယာတွင် မိုးများစွာရွာသွန်းမှုကြောင့် ချောင်းအတွင်း စီးဝင်ရေများပြီး ရေစီး ရေလာ များပြားလွန်းသောကြောင့် ရံဖန်ရံခါ မိုးရာသီ၌ ထိုဒေသတစ်ဝိုက် ရေကြီးရေလျှံခြင်း ဖြစ်ရသည်။

မိုးရာသီ၌ ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် ရေကြီးရေလျှံခြင်းကြောင့် အဆိုပါ ဒေသဝန်းကျင်ရှိ ပြည်သူတို့၏စိုက်ခင်းများ ရေမြုပ်ပျက်စီးခြင်း၊ ရေကြီးလွန်းမက ကြီးသောအခါ လမ်းများ၊ တံတားများ ပျက်စီးခြင်း၊ အိမ်မွေးတိရစ္ဆာန်များ ရေစီးဖြင့် မျောပါသေကျေပျက်စီးခြင်းစသည့် ရေဘေးဒဏ်ကို နှစ်ပေါင်းများစွာ ခါးစည်း ခံခဲ့ကြရသည်။

ရေလွှမ်းမိုးမှုဒဏ်

ဒေသနေပြည်သူတို့အဖို့ စိုက်ပျိုးရေးရရှိရေးအတွက် မိုးရာသီကို လိုလားတောင့်တမျှော်ကြရသလို တစ်ခါတစ်ရံ မိုးကြီးသောနှစ်များ၌ ကြုံတွေ့ရသော ရေလွှမ်းမိုးမှုဒဏ်ကိုလည်း ကြောက်ရွံ့ကြရပြန်သည်။

ရည်ရွယ်ချက်

တပ်မတော်အစိုးရက နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းတည်ဆောက်နေချိန်တွင် ထိုသို့ စစ်တောင်း မြစ်ဝှမ်းဒေသရှိပြည်သူများ ရေလွှမ်းမိုးမှုဒဏ်ခံနေကြရသည်ကို လျစ်လျူမရှုရက်နိုင်သောကြောင့် နယ်မြေ၏ ပထဝီ အနေအထား၊ ရေမြေ၊ တောတောင်သဘာဝတို့ကို ဘက်စုံ၊ ထောင့်စုံမှ စနစ်တကျအချိန်ယူ၍ စူးစမ်းလေ့လာ အဖြေရှာပြီးနောက် စစ်တောင်းမြစ်ဝှမ်း လွင်ပြင်ဒေသအလိုက် ရေလွှမ်းမိုးမှုမှ ကာကွယ်ရန် ယခင်က မိုးရာသီ၊ ဆောင်းရာသီ တို့၌သာ စိုက်ပျိုးနိုင်သော စစ်တောင်းမြစ်ဝှမ်း၊ ဖြူးဇေယျဝတီနယ်မြေများအတွင်းရှိ လယ်မြေများတွင် နွေရာသီမှာပင် သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေ(စိုက်ပျိုးရေ)ပေးဝေရန် **“ဖြူးချောင်းရေအားလျှပ်စစ် စီမံကိန်း”**ကို အကောင်အထည်ဖော်တည်ဆောက်ခြင်းဖြင့် ရရှိလာမည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အား ကွန်ရက်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန်ဟူသော ရည်ရွယ်ချက်(၃)ရပ်ဖြင့် ပဲခူးတိုင်း ဖြူးမြို့ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ရန် နိုင်ငံတော်မှ ခွင့်ပြုခဲ့ပေသည်။

သိုလှောင်စုဆောင်း

နိုင်ငံတော်၏ ခွင့်ပြုချက်အရ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ရာတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက် ရေးမှ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေထိန်းတံခါးပြွန်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေသွယ်ဥမင် လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်း ဆက်သွယ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဓာတ်အားပေး စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်မည်ဖြစ်ရာ ဓာတ်အားပေးစက်မောင်းနှင်ရန်နှင့်စိုက်ပျိုးရေ(ဆည်ရေ) ပေးဝေနိုင်ရေးအတွက် ဖြူးချောင်းပေါ်တွင် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၇၅၆၀၀၀ သိုလှောင်နိုင်မည့် အလျားပေ ၁၀၂၀နှင့် အမြင့်၂၄၅ပေရှိ မြေသားတမံအမျိုးအစား ရေလှောင်တမံကို တည်ဆောက်ပြီး မိုးရာသီ၌ အလျှံအပယ် ပေါကြွယ်ဝသည့် ဖြူးချောင်းရှိရေများကို စက်မောင်းရေ၊ စိုက်ပျိုးရေအတွက် သိုလှောင်စုဆောင်းထားရှိ မည်ဖြစ်ပေသည်။

ရေထုစီးနှုန်း

လိုအပ်သည်ထက် ပိုလျှံသောရေများကို အကျယ်ပေ ၁၀၀၊ ရေအားအမြင့် ၃၇၇ပေရှိ သံကူကွန်ကရစ် ရေအား အမျိုးအစား (ogee crest) ရေပိုလွှဲမှရေများ ထုတ်လွှတ်သွားမည်ဖြစ်ပြီး ရေပိုလွှဲ၏ဒီဇိုင်း၊ ရေထုစီးနှုန်းမှာ ကုဗပေ စက္ကန့် ၂၃၀၅၀ ဖြစ်သည်။

ပို့လွှတ်မည်

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းတွင် အချင်း ၂၇ပေ၊ အမြင့်ပေ ၁၃၀ရှိ ရေထိန်းတံခါးပြွန်တစ်ခု ပါရှိသည်။ ရေလှောင်တမံရှိရေများကို အချင်း ၁၈ပေ၊ အလျားပေ ၂၀၀၀ရှိ ရေသွယ်ဥမင်လိုဏ်မှတစ်ဆင့် ဓာတ်အားပေးစက်ရုံရှိ ရေအားတာဘိုင်စက်များနှင့် ဆက်သွယ်ထားသော ဖိအားမြှင့်သံမဏိပိုက်လိုင်းများသို့ စက်မောင်းရေများ ပို့လွှတ်မည် ဖြစ်သည်။

ဥမင်လိုဏ်အထွက်

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း ဥမင်လိုဏ်(အထွက်) တူးဖော်မှုလုပ်ငန်း ဆောင်ရွက်နေသည်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

မြေကြီးကျောက်သားတူးဖော်မှု

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေကြီးကျောက်သားတူးဖော်မှုလုပ်ငန်း ဆောင်ရွက်နေသည်ကို မတ် ၃၀ရက်က ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ဖြူးချောင်းရေအားလျှပ်စစ် စီမံကိန်းကို တည်ဆောက်အကောင် အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ဖြည့်စွမ်းပေးနိုင်ပြီး စစ်တောင်း မြစ်ဝှမ်း လွင်ပြင်ဒေသများဖြစ်သည့် ဖြူး၊ ဇေယျဝတီဒေသရှိ လယ်မြေ ဧက တစ်သိန်းခန့်ကို နွေစပါးအပါအဝင် သီးထပ်သီးညှပ်များ တစ်နှစ် ပတ်လုံး စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေပေးဝေစေနိုင်မည်ဖြစ်သဖြင့် ဒေသခံပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး လူမှုစီးပွား ဘဝ မြင့်မားလာမည်။

ယင်းဖိအားမြှင့်သံမဏိပိုက်လိုင်းတို့မှာ အချင်း ၈ဒသမ၇ပေ၊ အရှည် ပေ၆၆၀ရှိ၍ ဖိအားမြှင့် ပိုက်လိုင်းထဲသို့ ရောက်ရှိလာသောရေများကို အရှိန်အဟုန်ဖြင့် ဓာတ်အားပေးစက်ရုံတွင် တပ်ဆင်ထားသော ဒေါင်လိုက် ဖရန်စစ် အမျိုးအစား မဂ္ဂါဝပ် ၂၀အင်အားရှိ တာဘိုင်နှစ်လုံးသို့ ပို့လွှတ်၍ ရေအားတာဘိုင်စက်များကို လည်ပတ်စေခြင်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်သွားမည်ဖြစ်သည်။ တပ်ဆင်ထားသော ရေအားတာဘိုင်စက်များ၏ ရေထုစီးနှုန်းမှာ ကုဗပေ စက္ကန့် ၂၅၄၀ ဖြစ်သည်။

ထုတ်လုပ်ဖြန့်ဖြူးမည်

ဖရန်စစ်တာဘိုင်နှစ်လုံး ဓာတ်အားထိန်းချုပ်ခန်းနှင့် စက်ခလုတ်များ တပ်ဆင်ထားသော ဓာတ်အားပေးစက်ရုံ အဆောက်အအုံမှာ အလျား ပေ၁၃၀၊ အနံပေ၁၁၀နှင့်အမြင့်ပေ၁၁၀ရှိပြီး အဆိုပါစက်ရုံမှ လျှပ်စစ်ဓာတ်အား နှစ်စဉ် ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

ပြီးစီးမှုရာခိုင်နှုန်း

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများအနက် ၂၀၀၉ခုနှစ် မတ်၃၁ရက်အထိ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုမှာ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ၇၇ရာခိုင်နှုန်း၊ ရေထိန်းတံခါး ပြွန်တည်ဆောက် ခြင်းလုပ်ငန်း ၉၅ရာခိုင်နှုန်းနှင့် ရေသွယ်ဥမင်လိုဏ်လုပ်ငန်းမှာ ၆၀ရာခိုင်နှုန်း လုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့် ယခုအခါ စီမံကိန်းတစ်ခုလုံး အနေဖြင့် ၅၃ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပေပြီ။

ဖြည့်ဆည်းပေး

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အခါမလပ်ရောက်ရှိစစ်ဆေး၍ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

အကျိုးဖြစ်ထွန်း

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ဖြည့်စွမ်းပေးနိုင်ပြီး စစ်တောင်းမြစ်ဝှမ်း လွင်ပြင်ဒေသများ ဖြစ်သည့် ဖြူး၊ ဇေယျဝတီဒေသရှိ လယ်မြေဧက တစ်သိန်းခန့်ကို နွေစပါးအပါအဝင် သီးထပ်သီးညှပ်များ တစ်နှစ် ပတ်လုံးစိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေပေးဝေစေနိုင်မည်ဖြစ်သဖြင့် ဒေသခံပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက် လာပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ရာ နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူများအတွက် အကျိုးဖြစ်ထွန်း စေမည့် ဘက်စုံစီမံကိန်း တစ်ခုဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါတော့သည်။ ။

(မြန်မာ့အလင်း)

လာချင်ရင် အနီးကလေး

စောလှအောင်

ကရင်ရဲဘော်၊ ဗမာရဲဘော်၊ ချင်းရဲဘော်၊ ကချင်ရဲဘော်ဟူ၍ လူမျိုးအားဖြင့် ကွဲသော်လည်း တပ်မတော်တစ်ခုတည်းတွင် စစ်ဝတ်စုံတစ်မျိုးတည်းဝတ်ဆင်၍ အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်သည်။ သံသယကြောင့် လမ်းမှား လိုက်ခဲ့သည့် ခေါင်းဆောင်များ၏ ကရင်တော်လှန်ရေး ဆိုသည်ကို နားယောင်ကာ သေတူရှင်ဖက် ရဲဘော်ချင်းသေနတ်ပြောင်းလှည့်ခဲ့ကြရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသော သမိုင်းကြောင်းမှ အမည်းစက်တစ်ခုပင် ဖြစ်ပေသည်။

ကေအင်န်ယူခေါင်းဆောင်ကြီး ဖထီးစောဘိုမြ၏သား ဗိုလ်ကြီးနေစိုးမြတို့အဖွဲ့ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူကာ ၂၀၀၇ခုနှစ် မတ်လ၃ဝရက်နေ့က KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် ပူးပေါင်းခဲ့သည့်သတင်းကို ကြားသိရသောအခါ လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိသလိုတစ်ချိန်တည်းမှာပင် စိုးရိမ်မှုများလည်း ရှိခဲ့ပါသည်။

ဝမ်းသာရသည့်အကြောင်းမှာ ကျွန်တော်ကိုယ်တိုင် အဖေဗမာ၊ အမေကရင်တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားလာခဲ့သည့် ကရင်သွေးတစ်ဝက်ပါသူတစ်ဦးဖြစ်ရာ ယခုကဲ့သို့ ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေးဘက်တော်သားများ အင်အားတိုးလာခြင်းကြောင့် ကရင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် အားတက်မိကာ ဝမ်းသာရခြင်းဖြစ်၏။ ကျွန်တော်၏အမိုးသာရှိသေးလျှင် ဒုံသမိချောင်းဖျားမှ သူ၏ ဇာတိကျေးရွာကလေးသို့နယ်မြေအေးချမ်းလျှင် တစ်ခါတစ်ခေါက် အရောက်သွားချင်လှသည်ဟု မကြာခဏ မြည်တမ်းရှာသော အမိုးတစ်ယောက် သူ့ဆန္ဒပြည့်ဝတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ ရှိရာပေလိမ့်မည်။

စိုးရိမ်မိသည့် အကြောင်းမှာကား ငြိမ်းချမ်းရေးဟူသည့် အကောင်းတရား၊ အမြတ်တရားကို ရှာဖွေသူတိုင်းအတွက် အဖျက်ရန်က နောက်မှထက်ကြပ်မကွာ လိုက်ပါဒုက္ခပေးတတ်သောကြောင့်ဖြစ်၏။

အမှန်စင်စစ် မြန်မာနိုင်ငံတွင် ပြည်တွင်းသောင်းကျန်းမှုသမိုင်း၌ အစောဆုံးပေါ်ပေါက်ခဲ့ပြီး အကြိမ်ကြိမ်လည်း ငြိမ်းချမ်းရေးကြိုးပမ်းခွင့်ရပါလျက် ယနေ့ထက်တိုင် ရာနှုန်းပြည့် ငြိမ်းချမ်းရေးမရယူနိုင်သေးသည့် KNU အဖွဲ့၏ ငြိမ်းချမ်းရေးမရနိုင်အောင် တားဆီးနေသည့် အခက်အခဲမှာ ငြိမ်းချမ်းရေးမရယူနိုင်အောင် နောက်ကွယ်မှလိုက်၍ နှောင့်ယှက်ဖျက်ဆီးနေမှုများကြောင့်ဖြစ်၏။

ကျွန်တော် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ၁၉၉၀ ပြည့်လွန်နှစ်များတွင် KNU တပ်မဟာ(၁)နယ်မြေ သထုံ ဘီးလင်းဒေသရှိ ရွှေကြည်၊ နောင်ကတုတ် စသော နယ်မြေများတွင် တာဝန်ကျခဲ့ဖူးသည်။ ထိုစဉ်က နောင်ကတုတ်ရွာသူကြီးအဖြစ် အလှည့်ကျတာဝန်ယူနေသည့် ကရင်အမျိုးသမီး အမိုးကြီးတစ်ယောက်၏ စကားကို ယနေ့တိုင် ကြားယောင်နေမိပါသေးသည်။

အမိုးကြီးက ''ဖိုးခွား၊ နင်တို့ကလည်း ငပွေးတွေ(ကေအင်န်ယူများကိုဆိုလိုသည်)ကို ပြုတ်အောင်မလုပ်နိုင်ဘူး၊ ငပွေးတွေကလည်း နင်တို့ကို နိုင်အောင်မတိုက်နိုင်ဘူး၊ ဒုက္ခရောက်တော့ ငါတို့ရွာသားတွေကြားထဲက ဒုက္ခရောက်ရတယ်ဟေ့။ ဒီဒုက္ခကြီးက ငါတို့တစ်သက်ပြီးနိုင်ပါဦးမလား''ဟု ဆိုသည်။

ကျွန်တော်က ''အမိုးတို့ လုပ်ချင်ရင် ဒီဒုက္ခပြီးဖို့က လွယ်ပါတယ် အမိုးရာ။ ငပွေးတွေအားလုံးက အမိုးတို့ ဆွေမျိုးသားချင်းတွေပဲ။ နင်တို့ စစ်မတိုက်နဲ့တော့ ငြိမ်းချမ်းရေးလုပ်လို့သာပြောလိုက်။ စစ်တပ်ဆိုတာ သူပုန်ရှိလို့သာ လာနေကြတာ၊ သူပုန်မရှိရင် စစ်တိုက်စရာလည်း မလိုဘူး၊ စစ်တပ်လာစရာလည်း မရှိတော့ဘူး။ စစ်သားတွေလာမယ့်နေရာမှာ ကျောင်းဆရာတွေ၊ ကျန်းမာရေးဆရာမတွေ ရောက်လာပြီး စာသင်ပေး၊ ဆေးကုပေးနဲ့ အမိုးတို့ရွာအတွက် ပိုကောင်းလာမှာပေါ့၊ ကျွန်တော်တို့ တပ်ဆိုရင် ရှမ်းပြည်နယ်မှာ ငြိမ်းချမ်းရေးရသွားလို့၊ စစ်တိုက်စရာလည်း မရှိတော့လို့ ဒီခွင်ကိုရောက်လာတာ။ အခုဆို ရှမ်းပြည်နယ်မှာ တိုက်ပွဲတွေ မရှိတော့လို့ လူထုလည်း ဒုက္ခမရောက်တော့ဘူး''ဟု ပြောသောအခါ အမိုးက မယုံသလို ကြည့်သည်။ ယခုတော့ အမိုးတို့ဒေသမှာ ငြိမ်းချမ်းရေးရယူထားသော ဒီကေဘီအေအဖွဲ့၏ နယ်မြေဖြစ်နေပြီဖြစ်၍ ကျွန်တော်ပြောခဲ့သည့် စကားများကို အမိုးကိုယ်တွေ့နှင့်ယှဉ်ကာ ယုံကြည်လာတော့မည်ဟု ထင်ပါသည်။

သို့သော် တိုင်းရင်းသား ပြည်သူအားလုံးအတွက် လက်နက်ကိုင်တိုက်ခိုက်မှုများကို စွန့်လွှတ်၍ ငြိမ်းချမ်းရေး တည်ဆောက်လိုသော နိုင်ငံတော်အစိုးရ၏ စစ်မှန်သည့်စေတနာကို ယနေ့ထက်တိုင် မယုံကြည်နိုင်၊ မယုံကြည်ရဲသေးသောသူများလည်း ကေအင်န်ယူအဖွဲ့ထဲ၌ ရှိနေနိုင်ပါသေးသည်။

ထိုသူအများစုသည် ငြိမ်းချမ်းရေးကို မလိုချင်၍မဟုတ်၊ ငြိမ်းချမ်းရေးကို လိုချင်သူများသာဖြစ်သည်။ ၁၉၄၉ခုနှစ်က စတင်ခဲ့သည့် ကရင်တော်လှန်ရေးသည် ယခုအခါ နှစ်ပေါင်း ၆၀ပင်ပြည့်ခဲ့ပြီ။ ထိုတော်လှန်ရေးကြောင့် ကရင်လူထု ကောင်းစားရေး ဖြစ်လာခဲ့ပါသလား။ ဖြစ်မလာခဲ့ပါ။ ကွဲနှစ်ကောင်ခတ်သည့်အကြား မြေစာပင်ဖြစ်ကာ သေသူသေ၊ ကျိုးသူကျိုး၊ ပြတ်သူပြတ်၊ လယ်ပစ်၊ ယာပစ်၊ ချောင်းပစ်ကာပြေးရ၊ လွှားရ၊ ပုန်းရ၊ လျှိုးရနှင့် ကျီးလန့်စာ စားနေရခြင်းသာ အဖတ်တင်သည်။ ထိုတော်လှန်ရေးကို လက်တွေ့အသက်ပေး ဆင်နွှဲနေခဲ့ရသော ကေအင်န်ယူအဖွဲ့မှ လက်အောက်ငယ်သားများ၏ အခြေအနေရော မည်မျှ တိုးတက်လာခဲ့ပါသနည်း။ သေစရာရှိလျှင် ရှေ့ဆုံးက၊ ဒဏ်ရာရလာလျှင် လှည့်မကြည့်၊ ရိက္ခာမရှိ၊ လစာနတ္ထိ၊ မိမိဘာသာကြည့်၍ ဖြေရှင်းကြရသည်။ ဤသို့ဖြင့် အင်အားများ တတိတိပွန်းပဲ့ပြုတ်ထွက်သွားကာ နောက်ဆုံး၌ တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်း၌ တဲကုပ်တွင်နေ၊ ဆန်ပြုတ်ကိုစားကာ ကျပ်ကျပ်တည်းတည်းနှင့် ငုတ်တုတ်ထိုင်နေကြရသည့်ဘဝ၌ ရောက်ရှိနေလေပြီ။ ထိုသို့ ကိုယ့်ဘဝအခြေအနေ၊ လူထုအခြေအနကို လက်တွေ့ကျကျ မှန်မှန်ကန်ကန် စဉ်းစားဆင်ခြင်မိသူတိုင်းက ငြိမ်းချမ်းရေးကို လိုချင်ကြသည်။

သို့သော် နှစ်ပေါင်းများစွာ တစ်ဖက်နှင့်တစ်ဖက် လက်နက်ကိုင်တိုက်ခိုက်နေကြသည့် တပ်မတော်(အစိုးရ)ကို ယုံရပ့်မလား။ သံသယတွေ ရှိနေကြသည်။ ကေအင်န်ယူခေါင်းဆောင်များအတွင်းမှ ငြိမ်းချမ်းရေးကို မလိုလားသည့် အုပ်စုများကလည်း ထိုသံသယကို အကွက်ကောင်းအဖြစ် အသုံးချကာ သံသယမီးပွားကို မီးပုံကြီးအဖြစ် ကြီးသွားအောင်လုပ်ခဲ့ကြသည်။ ''ငြိမ်းချမ်းရေးမလုပ်နဲ့၊ စစ်တပ်က အချိုသတ်ပြီးခေါ်နေတာ၊ ဟိုဘက်ရောက်သွားတာနဲ့ သံဆူးကြိုးခတ်ပြီး ဖမ်းထားမှာ၊ သတ်ပစ်မှာ'' စသည်ဖြင့် ခြောက်လှန့်ထားကြသည်။ အချို့က တောကြိုအုံကြား၊ အချို့က ဒုက္ခသည်စခန်းများ၌ မျက်စိပိတ်၊ နားပိတ်ခံထားရသည့် ကေအင်န်ယူတပ်ဖွဲ့ဝင်များမှာ ထိုခေါင်းဆောင်များပြောသမျှ ဟုတ်နိုးနိုးဖြင့် စိုးရိမ်သံသယပွားကာ ငြိမ်းချမ်းရေးလိုချင်ကြပါလျက် ကြောက်ရွံ့လက်တွန့်နေကြခြင်းဖြစ်သည်။

သံသယဟူသည် ကြောက်ဖွယ်ကောင်းလှသည်။ သံသယကြောင့် ချစ်ခင်သူချင်း မခေါ်မပြောနိုင်ဖြစ်ကြသည်။ ညီရင်းအစ်ကိုချင်း ရန်ပွဲဖြစ်ကြသည်။ တိုင်းရင်းသားအချင်းချင်း မသင့်မမြတ်ဖြစ်ကြသည်။ နိုင်ငံအချင်းချင်း စစ်ဖြစ်ကြသည်။

ဗမာနှင့် ကရင်တိုင်းရင်းသားနှစ်မျိုးအကြား သံသယများမှာ ကိုလိုနီခေတ်ကပင် စတင်ခဲ့သည်။ နယ်ချဲ့တို့က နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသော ဗမာတိုင်းရင်းသားများကို နှိမ်နင်းရာတွင် ၎င်းတို့ လက်သပ်မွေးထားသော ကရင် လဲဗွီးလက်နက်ကိုင်တပ်ဖွဲ့များကို အသုံးပြုကာ အိမ်ကြက်ချင်းအိုးမဲသုတ်၍ ခွပ်ခိုင်းခဲ့သည်။ ကရင်တိုင်းရင်းသားတို့အား ယင်းတို့၏ အင်ပါယာကို ကာကွယ်ပေးမည့်''သဝိညာဏက ခံတပ်ကြီးများ''အဖြစ် အသုံးချရန် ကြံစည်ခဲ့သည်။

ကံမကောင်း အကြောင်းမလှ၍ ဂျပန်ခေတ်တွင် နေရာဒေသအချို့၌ ဖြစ်ပွားခဲ့သော ကရင်-ဗမာ အဓိကရုဏ်းကြောင့်လည်း အေးအတူပူအမျှ အတူတကွ ကာလကြာရှည် ချစ်ခင်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသော တိုင်းရင်းသားအချင်းချင်း သံသယပွားခဲ့ကြသည်။

ဤသို့ သံသယများ ကြီးမားခဲ့သောကြောင့်လည်း လွတ်လပ်ရေးရစကာလတွင် ပြည်ထောင်စုကြီးမှ ပုန်ကန်ခွဲထွက်လိုသော အုပ်စုနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁

ကျွန်တော်က ''အမိုးတို့ လုပ်ချင်ရင် ဒီဒုက္ခပြီးဖို့က လွယ်ပါတယ် အမိုးရာ။ ငပွေးတွေအားလုံးက အမိုးတို့ ဆွေမျိုးသားချင်းတွေပဲ။ နင်တို့ စစ်မတိုက်နဲ့တော့ ငြိမ်းချမ်းရေးလုပ်လို့သာ ပြောလိုက်။ စစ်တပ်ဆိုတာ သူပုန်ရှိလို့သာ လာနေကြတာ၊ သူပုန်မရှိရင် စစ်တိုက်စရာလည်း မလိုဘူး၊ စစ်တပ်လာစရာလည်း မရှိတော့ဘူး။ စစ်သားတွေ လာမယ့်နေရာမှာ ကျောင်းဆရာတွေ၊ ကျန်းမာရေးဆရာမတွေ ရောက်လာပြီး စာသင်ပေး၊ ဆေးကုသပေးနဲ့ အမိုးတို့ရွာအတွက် ပိုကောင်းလာမှာပေါ့၊ ကျွန်တော်တို့ တပ်ဆိုရင် ရှမ်းပြည်နယ်မှာ ငြိမ်းချမ်းရေးရသွားလို့၊ စစ်တိုက်စရာလည်း မရှိတော့လို့ ဒီခွင်ကိုရောက်လာတာ။ အခုဆို ရှမ်းပြည်နယ်မှာ တိုက်ပွဲတွေ မရှိတော့လို့ လူထုလည်း ဒုက္ခမရောက်တော့ဘူး''ဟု ပြောသောအခါ အမိုးက မယုံသလို ကြည့်သည်။ ယခုတော့ အမိုးတို့ဒေသမှာ ငြိမ်းချမ်းရေးရယူထားသော ဒီကေဘီအေအဖွဲ့၏ နယ်မြေဖြစ်နေပြီဖြစ်၍ ကျွန်တော်ပြောခဲ့သည့် စကားများကို အမိုးကိုယ်တွေ့နှင့်ယှဉ်ကာ ယုံကြည်လာတော့မည်ဟု ထင်ပါသည်။

19-4 (10).pmd 1 4/19/2009, 2:47 AM

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်မည့် ရေမျက်နှာပြင်ပေါ်တွင် သွားလာနိုင်သော စက်ရုပ်တီထွင်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

အနီအောက်ရောင်ခြည်သုံးပြီး ကာဗွန်ဖိုင်ဘာအမျှင်များဖြင့် ပြုလုပ်ထားသော ရေပေါ်၌လမ်းလျှောက်နိုင်သည့် စက်ရုပ်ကို အမေရိကန်သုတေသနပညာရှင်များက တီထွင်ထုတ်လုပ်ရန် စီစဉ်နေပြီဖြစ်သည်။

လမ်းလျှောက်နိုင်

ရေပေါ်တွင် လမ်းလျှောက်နိုင်သော အင်းဆက်ပိုးများ၏ သဘာဝကို အချိန်ယူလေ့လာကာ တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်တီထွင်ထုတ်လုပ်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ အလွန်ပေါ့ပါးသော ခန္ဓာကိုယ်အစိတ်အပိုင်းများကို အသုံးပြုပြီး ရေပေါ်တွင် လမ်းလျှောက်နိုင်သည့် စက်ရုပ်အမျိုးအစားဖြစ်သည်။

ယင်းစက်ရုပ်၏ ခန္ဓာကိုယ်မှာ အလွန်ပေါ့ပါးသော ဖိုင်ဘာအမျှင်များ၊ အလွန်သေးငယ်ပြီး ပေါ့ပါးသော စတီးလ်ခြေထောက်များနှင့် ရေပြင်၏ မည်သည့်လားရာဘက်မဆို သွားလာနိုင်သည့် လမ်းညွှန်ကိရိယာလည်း ပါဝင်တပ်ဆင်ထားသည်။

ပေါ့ပါး

ထို့အတူ စက်ရုပ်၏ခန္ဓာကိုယ်တွင် အလွန်သေးငယ်ပြီး ပေါ့ပါးကာ စွမ်းအင်များစွာ ထုတ်ပေးနိုင်သော ဘက်ထရီကို တပ်ဆင်ပေးထားသည်။ ယင်းစက်ရုပ်သည် ရေမျက်နှာပြင်ပေါ်တွင် တစ်စက္ကန့်လျှင် ငါးစင်တီမီတာသာ ရွေ့လျားနိုင်သည်။

နမူနာပြုထားသော အင်းဆက်ပိုးများ၏ ရေမျက်နှာပြင်ပေါ်တွင် သွားလာမှုအမြန်နှုန်းမှာ တစ်စက္ကန့်လျှင် တစ်မီတာ ရွေ့လျားသွားလာနိုင်သည်။ ထို့ကြောင့် စက်ရုပ်၏သွားနှုန်းသည် ရေပေါ်တွင် သွားလာနိုင်သော အင်းဆက်ပိုး၏ သွားလာနှုန်းထက် အဆ ၂၀ ခန့် နှေးကွေးကြောင်း သိရသည်။

ကြိုတင်ကာကွယ်နိုင်

ပင်လယ်ရေမျက်နှာပြင် အနေအထားပြောင်းလဲမှုနှင့် ရာသီဥတုအခြေအနေများကို သိရှိနိုင်ရန်အတွက် ရေပေါ်သွားစက်ရုပ်ကို တီထွင်ခြင်းဖြစ်ကြောင်း၊ သို့မှသာ သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်မည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

စက်မှု(၂)ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကျွန်းစုမြို့နယ် ကျေးရွာများမှ ပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဧပြီ၂ရက်တွင် တနင်္သာရီတိုင်း ကျွန်းစုမြို့သို့ရောက်ရှိပြီး ကျွန်းပတ်လမ်း ဖောက်လုပ်ပြီးစီးနေမှုကိုလည်းကောင်း၊ ဧပြီ၃ရက်တွင် ရေကန်တောင်ကျေးရွာ၊ ကြက်ချောင်းကျေးရွာ၊ ကလိန်ဘဲကျေးရွာ၊ မော်ရွတ်ကျေးရွာ၊ ပန်းလုံးအော်ကျေးရွာတို့သို့လည်းကောင်း၊ ဧပြီ၄ရက်တွင် သဲချောင်းကျေးရွာ၊ ဝဲကျွန်းကျေးရွာ၊ ကျောက်တောင်ငယ်ကျေးရွာ၊ သဲချောင်းကြီးကျေးရွာ၊ ရေတွင်းချောင်းကျေးရွာ၊ ရေအေးကျေးရွာတို့သို့လည်းကောင်း၊ ဧပြီ ၁၅ရက်တွင် ပရည်ကျေးရွာ၊ ပသုတ်ကျေးရွာ၊ ပြင်းနီကျေးရွာ၊ ကျောက်ဖယောင်းကျေးရွာ၊ လင်မလိုကြီးကျေးရွာ၊ မအိုင်ကျေးရွာ၊ မစမ်းပါးကျေးရွာ၊ လင်မလိုငယ်ကျေးရွာ၊ ပန်းဇင်ကျေးရွာ၊ မရွှေဦးကျေးရွာတို့သို့လည်းကောင်း၊ ဧပြီ၆ရက်တွင် ကတန်ကျေးရွာ၊ စလွန်အော်ငယ်ကျေးရွာ၊ ကဒဲကတွဒ်ကျေးရွာ၊ ကမ်းကြီးကျေးရွာတို့သို့လည်းကောင်း ကျေးရွာလူထုနှင့်တွေ့ဆုံ၍ Bio Battery ပြုလုပ်အသုံးပြုပုံကို ရှင်းလင်းပြသကာ **(အပေါ်ပုံ)** Bio Battery နမူနာအစုံ ၂၀၊ LED မီးလုံး၆၀ပါ မီးအုပ်ဆောင်း၅၀၀၊ 5 KW ရေအားလျှပ်စစ် တာဘိုင်၁၀လုံးနှင့် ကျောင်းများပြုပြင်ရန်အတွက် ဘိလပ်မြေအိတ်၅၅၀တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပစ္စည်းများပေးအပ်လှူဒါန်း

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီးတို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒသမအကြိမ်မြောက် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲတွင် အဘိုး၊ အဘွားများအား ဂါရဝပြု ပစ္စည်းများ ပေးအပ်လှူဒါန်းကြစဉ်။

(ပို့ဆောင်ရေး)

မိုး

အစဉ်

သတိပြု

စာမျက်နှာ ၁၀ ဆောင်းပါးအဆက်

ပြည်ထောင်စုကြီးအပေါ် သစ္စာရှိသောအုပ်စုဟူ၍ ကရင်တိုင်းရင်းသားများအကြား အုပ်စုကွဲကာ သံသယကြီးမားသောအုပ်စုက လက်နက်စွဲကိုင်၍ ဆူပူအုံကြွခဲ့ကြသည်။ ထိုအချိန်တွင် သစ္စာရှိသော ကရင်တိုင်းရင်းသားများမှာ တပ်မတော်တွင်လည်းကောင်း၊ မြို့ပြဌာနများတွင်လည်းကောင်း အဆင့်မြင့်ရာထူးတာဝန်များကို ထမ်းဆောင်ကာ နိုင်ငံတော်ကို အလုပ်အကျွေးပြုခဲ့ကြသည်။

ထိုစဉ်က နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရအရာရှိကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ကေအင်န်ယူခေါင်းဆောင်များ ပါဝင်သော ရှစ်ဦးကော်မတီကို ပြဿနာမကြီးထွားမီ စေ့စပ်ဖြေရှင်းနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ၁၉၄၉ခုနှစ်တွင် အင်းစိန်တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွားနေသည့်အချိန်ကလည်း နှစ်ဖက် အပစ်အခတ်ရပ်စဲ၍ ကေအင်န်ယူခေါင်းဆောင် စောဘဦးကြီးနှင့် အစိုးရဘက်မှ တာဝန်ရှိသူများ စေ့စပ်ဆွေးနွေးကြသေးသည်။

အပစ်အခတ်ရပ်စဲရေးကာလအတွင်း နှစ်ဖက်တပ်ဖွဲ့ဝင်များ အပြန်အလှန် သွားလာလည်ပတ်ကာ စကားစမည် ပြောဆိုခဲ့ကြသည်။ စင်စစ်၌ တစ်ဦးနှင့်တစ်ဦး လက်နက်ကြီးငယ်များဖြင့် ချိန်ရွယ်ပစ်ခတ်နေခဲ့ကြသော်လည်း မကြာသေးသည့်အချိန်က အတူတကွ သင်တန်းဆင်းခဲ့ကြသူများ၊ အတူတကွ ဖက်ဆစ်တော်လှန်ရေးတွင် အသက်ပေး၍တိုက်ခိုက်ခဲ့ကြသည့် ရဲဘော်ရဲဘက်များ၊ စားရိပ်သာတစ်ခုတည်းတွင် အတူစားကာ ပဲဟင်းတစ်အိုးတည်း သောက်ခဲ့ကြသူများဖြစ်ကြသည်။ ကရင်ရဲဘော်၊ ဗမာရဲဘော်၊ ချင်းရဲဘော်၊ ကချင်ရဲဘော်ဟူ၍ လူမျိုးအားဖြင့် ကွဲသော်လည်း တပ်မတော်တစ်ခုတည်းတွင် စစ်ဝတ်စုံတစ်မျိုးတည်းဝတ်ဆင်၍ အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ သံသယကြောင့် လမ်းမှားလိုက်ခဲ့သည့် ခေါင်းဆောင်များ၏ ကရင်တော်လှန်ရေးဆိုသည်ကို နားယောင်ကာ သေတူရှင်ဖက် ရဲဘော်ချင်းသေနတ်ပြောင်းလှည့်ခဲ့ကြရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသော သမိုင်းကြောင်းမှ အမည်းစက်တစ်ခုပင်ဖြစ်ပေသည်။

၁၉၅၀ ပြည့်လွန်နှစ်များတွင် အာဏာရ ဖဆပလအစိုးရအဖွဲ့ကြီး ပြိုကွဲကာ နိုင်ငံရေးပရမ်းပတာဖြစ်နေခဲ့သလို တောတွင်းလက်နက်ကိုင်အဖွဲ့များအတွင်း၌လည်း လက်ယာယိမ်း၍ အနောက်မျှော်သူများ၊ လက်ဝဲယိမ်း၍ အရှေ့မျှော်သူများစသည်ဖြင့် ကွဲပြားနေခဲ့သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးလမ်းစ ကွယ်ပျောက်နေခဲ့သည်။

၁၉၆၂ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ရယူခဲ့ပြီးနောက် ၁၉၆၃ခုနှစ် ဧပြီလတွင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်၍ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများအား ပြည်တွင်း၌ ငြိမ်းချမ်းရေးအတွက် ထိုနှစ် ဇွန်လ ၁၁ရက်တွင် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။ ထိုစဉ်က ဗကပ၊ အလံနီ၊ မဒညတ၊ ကေအာရ်စီစသည့် တောတွင်း လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ လာရောက်ဆွေးနွေးခဲ့ကြရာတွင် မှဆိုးကော်ကဆာစောဟန်တာသာမွေး ခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီ(ကေအာရ်စီ)အဖွဲ့နှင့်သာ ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိခဲ့သည်။

တော်လှန်ရေးကောင်စီနှင့် ငြိမ်းချမ်းရေးရရှိခဲ့သော ကေအာရ်စီအဖွဲ့ ဥက္ကဋ္ဌ စောဟန်တာသာမွေးသည် ၁၉၄၉ခုနှစ် ဧပြီလက အစိုးရနှင့် စစ်ပြေငြိမ်းကြောင်း သဘောတူညီချက်ကို ပယ်ဖျက်သည့် ကေအင်န်ဒီအိုအဖွဲ့၏အကြောင်းကြားစာကို လက်မှတ်ရေးထိုးခဲ့သူဖြစ်သည်။ ကေအင်န်ယူအဖွဲ့အား လက်ဝဲယိမ်းဝါဒဖြင့် ကေအင်န်ယူတပ်ဦးအဖြစ် အသွင်ပြောင်းလာသည်ကို မနှစ်မြို့သောကြောင့် ကေအာရ်စီဖွဲ့စည်း၍ ခွဲထွက်လာခဲ့ခြင်းဖြစ်သည်။

ကေအာရ်စီနှင့် အတူတကွ မြေပေါ်သို့ လိုက်ပါလာသော ဗိုလ်လင်းထင်၏ ကေအင်န်ယူတပ်မဟာ(၅)မှာ စစ်ဘုရင်ဝါဒကို မစွန့်လွှတ်နိုင်သည့် ဗိုလ်လင်းထင်၏ ဥပဒေပြင်ပမှ ထင်ရာစိုင်းလုပ်ရပ်များကြောင့် တပ်မတော်နှင့် ထိပ်တိုက်ဖြစ်လာခဲ့သည်။ ပစ်ခတ်မှုတစ်ခုတွင် ဗိုလ်လင်းထင်အား အသေဖမ်းဆီးရမိခဲ့ပြီးနောက် ဗိုလ်လင်းထင်၏ ဖ၃ဦးမြောက် ဇနီးဖြစ်သူ နော်လွီဇာဘင်ဆင်နှင့်အတူ ကေအင်န်ယူတပ်မဟာ(၅)မှာ တောပြန်ခိုသွားခဲ့သည်။ ဤသို့ဖြင့် ပင်ပင်ပန်းပန်း ချက်ပြုတ်ထားရသည့် ထမင်းဟင်း ပူပူနွေးနွေးကို လက်ဆေး၍စားမည်ဟန်ပြင်စဉ် ထမင်းစားပွဲ မှောက်ကျသကဲ့သို့ ခက်ခက်ခဲခဲ ဆွေးနွေးသဘောတူ ညှိနှိုင်းထားရသည့် ငြိမ်းချမ်းရေးမှာလည်း စလယ်ဝင်ဖင်မမည်းခင် အိုးစားကွဲရပြန်လေသည်။

(ဆက်လက်ဖော်ပြပါမည်။)

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၁၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

နေ့အပူချိန်များမှာ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မော်လိုက်မြို့၊ မြင်းခြံမြို့နှင့် မင်းဘူးမြို့တို့တွင် ၃၉ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရွှေကူမြို့တွင် ၂ဒသမ၈၇လက်မ၊ ကန့်ဘလူမြို့တွင် ၂ဒသမ၈၄လက်မ၊ ကသာမြို့တွင် ၂ဒသမ၆၈လက်မ၊ မိုးညှင်းမြို့တွင် ၂ဒသမ၂၈လက်မ၊ မိုးကုတ်မြို့တွင် ၂ဒသမ၀၉လက်မ၊ ဗန်းမော်မြို့တွင် ၂ဒသမ၀၅လက်မ၊ အမ်းမြို့တွင် ၁ဒသမ၉၇လက်မ၊ ကလေးမြို့တွင် ၁ဒသမ ၉၂လက်မ၊ ဟားခါးမြို့တွင် ၁ဒသမ၇၇လက်မ၊ မင်းကင်းမြို့တွင် ၁ဒသမ၇၃လက်မ၊ ဂွမြို့တွင် ၁ဒသမ၆၁လက်မ၊ ကလေးဝမြို့တွင် ၁ဒသမ၅၄လက်မနှင့် ထားဝယ်မြို့တွင် ၁ဒသမ၅၃လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၅နာရီတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း(ဘစ်ဂျလီ)သည် ယမန်နေ့ညသန်းခေါင်ယံအချိန်က ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို စစ်တကောင်းမြို့နှင့် ကော့ဘဇားမြို့ကြားမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၁၉ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်း ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့ရှိ ရေလှောင်ကန်ကြီးများအတွင်းသို့ ပရိတ်ရေများသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့၌ မှီတင်းနေထိုင်ကြသောပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပရိတ်တရားတော်များနာယူခြင်းနှင့် ရေလှောင်ကန်ကြီးများအတွင်းသို့ ပရိတ်ရေများသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမဦးကျောင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ရန်ကုန်မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ပရိသတ်တို့က သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

သွန်းလောင်း

ထို့နောက် ရန်ကုန်မြို့နေပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ရန်ကုန်မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက မရမ်းကုန်းမြို့နယ် ရေကူးရေတွန်းစက်ရုံဝင်းရှိ ဂျိုးဖြူ၊ လှော်ကား၊ ငမိုးရိပ်နှင့် ဖူးကြီးရေလှောင်ကန်များမှ သောက်သုံးရေများစုဝေးရာ ရေစုကန်အတွင်းသို့ ပရိတ်ရေများကို သွန်းလောင်းပေးကြသည်။

အလားတူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ရေပေးဝေရေးစခန်း အမှတ်(၁) နှင့် (၂)တို့ရှိ ရေစုကန်များအတွင်းသို့လည်း တာဝန်ရှိသူများက ပရိတ်ရေများကို သွန်းလောင်းပေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဧပြီ ၁၇ရက် မြန်မာနှစ်ဆန်းတစ်ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မြို့နယ်ခန်းမတွင် သက်ကြီးပူဇော်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် ရုံးသူရုံးသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

IMPERIAL LEATHER ဆပ်ပြာအရောင်းကိုယ်စားလှယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး ထွက်ခွာ

ရန်ကုန် ဧပြီ ၁၈

PZ Cussons (International) Ltd. England က ထုတ်လုပ်သည့် အသားရေဖြူဖွေးနူးညံ့လှပစေသော IMPERIAL LEATHER ဆပ်ပြာနှင့် ကလေးအသုံးအဆောင်ပစ္စည်းများ ဖြန့်ဖြူးရောင်းချသည့် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်များ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲမြို့သို့ သွားရောက်ကြည့်ရှုလေ့လာရန်အတွက် ဧပြီ ၁၂ရက် ညပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သိရသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်မုန်တိုင်းသတင်း

ဘင်္ဂလားဒေ့ရှ် အရှေ့တောင်ပိုင်းဒေသများသို့ ဘစ်ဂျလီမုန်တိုင်းတိုက်ခတ်၊ သုံးဦးသေဆုံး၊ နေအိမ်များပျက်စီး

စစ်တကောင်း ဧပြီ ၁၈

ဧပြီ၁၈ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ၉တွင် ဖော်ပြခဲ့သော ဘစ်ဂျလီမုန်တိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်မှုသတင်းနှင့် ပတ်သတ်၍ ဆက်လက်သိရှိရသည်မှာ အဆိုပါ မုန်တိုင်းသည် ဧပြီ၁၈ရက် နံနက်စောစောပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း ကမ်းရိုးတန်းဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ သုံးဦးသေဆုံးပြီး နေအိမ်များပျက်စီးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

ပြိုလဲ

ဘစ်ဂျလီမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း ကမ်းရိုးတန်းဒေသများသို့ တစ်နာရီ မိုင် ၆၀နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ရာ နေအိမ်များ ပျက်စီးပြီး သစ်ပင်များ ပြိုလဲခဲ့သည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်တကောင်းမြို့တွင် အသက် ၅၀အရွယ် အမျိုးသားကြီးတစ်ဦး၊ အသက်ကိုးနှစ်အရွယ် ကလေးတစ်ဦးနှင့် တစ်လသားအရွယ် မွေးကင်းစကလေးငယ်တစ်ဦးတို့ သေဆုံးခဲ့သည်။

လေဆိပ်ပြန်ဖွင့်

ဘစ်ဂျလီမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ဘက်သို့ အင်အားနည်းစွာ ဆက်လက်ရွေ့လျားသွားကြောင်းသိရသည်။ ယင်းမုန်တိုင်းကြောင့် ပိတ်ထားခဲ့ရသော စစ်တကောင်းလေဆိပ်နှင့် ကော့ဘဇားလေဆိပ်များတွင် ခရီးသည် ၁၀၀၀ကျော် သောင်တင်နေခဲ့သည်။ ဧပြီ ၁၈ရက် မွန်းလွဲပိုင်း၌ လေဆိပ်များ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ကြည်လင်နေ

ထို့အတူ မုန်တိုင်းဘေးအန္တရာယ်မှကင်းဝေးရန် ဘေးကင်းရာသို့ ရွှေ့ပြောင်းနေသော ဒေသခံများ မိမိတို့နေအိမ်များသို့ ပြန်လာနေကြပြီဖြစ်ကြောင်း၊ ဘစ်ဂျလီမုန်တိုင်းသည် ၂၀၀၉ခုနှစ်၌ တောင်အာရှဒေသ၌ ပထမဆုံးတိုက်ခတ်သော မုန်တိုင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ထူးခြားသည့် နေ့အပူချိန်

၁၈-၄-၂၀၀၉ ရက်

မော်လိုက်	၃၉	ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၃၉	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၃၉	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၈-၄-၂၀၀၉ ရက်

ရွှေကူ	၂ ဒသမ ၈၇	လက်မ
ကန့်ဘလူ	၂ ဒသမ ၈၄	လက်မ
ကသာ	၂ ဒသမ ၆၈	လက်မ
မိုးညှင်း	၂ ဒသမ ၂၈	လက်မ
အမ်း	၁ ဒသမ ၉၇	လက်မ
ကလေး	၁ ဒသမ ၉၂	လက်မ

ဆိုင်ကလုန်းမုန်တိုင်း ဘစ်ဂျလီ အစိမ်းရောင်အဆင့်ဖြင့် မုန်တိုင်းအန္တရာယ် ကင်းရှင်းသွားပြီဟု သတ်မှတ်

နေပြည်တော် ဧပြီ ၁၈

ယနေ့နံနက် ၅ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော ဆိုင်ကလုန်းမုန်တိုင်း(ဘစ်ဂျလီ)သည် ယမန်နေ့ညသန်းခေါင်ယံအချိန်က ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို စစ်တကောင်းမြို့နှင့် ကော့ဘဇားမြို့အကြားမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ကုန်းတွင်းကို ဖြတ်ကျော်ပြီးနောက် မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများကို ဖြတ်ကျော်၍ အရှေ့ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိသည်။

အဆိုပါ မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များကြောင့် ယနေ့နံနက်မှ နောက် ၂၄ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုးနှင့်အတူ တစ်နာရီလျှင်မိုင်၃၀မှ ၄၀ခန့်ရှိသော လေပြင်းများ ခေတ္တမျှကျရောက်နိုင်သည်။

နေရာကွက်၍ မိုးသည်းထန်စွာ ရွာသွန်းနိုင်မှုကြောင့် ကုန်းမြင့်ဒေသရှိ ချောင်းများ၊ မြစ်ငယ်များတွင် လျှပ်တစ်ပြက်ရေကြီးမှုများနှင့် မြေပြိုမှုများ ဒေသအလိုက်ဖြစ်ပေါ်နိုင်သည်။ ချောင်းနှင့်မြစ်ငယ်များအနီး နေထိုင်သူများအနေဖြင့် လျှပ်တစ်ပြက်ရေကြီးမှုများနှင့် မြေပြိုမှုအန္တရာယ်ကို သတိပြုရန်လိုအပ်သည်။

မုန်တိုင်း၏ လက်ရှိအခြေအနေကို အစိမ်းရောင်အဆင့်ဖြင့် မုန်တိုင်းအန္တရာယ် ကင်းရှင်းသွားပြီဟု သတ်မှတ်သည်။

ယနေ့နံနက်မှ နောက် ၂၄ နာရီ ကျော်လွန်ပြီးနောက် ရာသီဥတုအခြေအနေများ တိုးတက်ကောင်းမွန်လာမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကွတ်ခိုင်မြို့နယ် နောင်ပန်းကျေးရွာ၌ စက်ရေတွင်းဖွင့်

ကွတ်ခိုင် ဧပြီ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နောင်ပန်းကျေးရွာ၌ စက်ရေတွင်းနှင့် ရေလှောင်ကန်နှစ်လုံး ဖွင့်ပွဲကို မတ် ၂၁ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဥတုရာသီ တောကိုမှီ၏

ချယ်လ်ဆီးတို့ ဝင်ဘလေကွင်း၌ အောင်ပွဲခံပြီး အက်ဖ်အေဖိုလ်လုပွဲတက်ရောက်

ဖောင်ပိတ်အားကစားသတင်း - မောင်ချစ်ကြည် ➡ စာမျက်နှာဖွဲ့စည်းမှု - ညဏ်ဖြိုး(မြန်မာ့အလင်း)

လန်ဒန် ဧပြီ ၁၈

အက်ဖ်အေဖလား ပထမအကြိုဗိုလ်လုပွဲအဖြစ် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ ဧပြီ၁၈ရက်က လန်ဒန်မြို့ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ကြိုးစားဟန့်တား

အာဆင်နယ်အသင်းသည် တိုက်စစ်တွင် အဒီဘာယော၊ ဗန်ပါစီနှင့် ဝေါကော့သ်တို့ကိုထားပြီး ပွဲအစမှာပင် တိုက်စစ်ဖွင့် ကစားခဲ့သည်။ အာဆင်နယ်အသင်း အပေးအယူ အချိတ်အဆက်မိမိဖြင့် ကစားခဲ့ရာ တယ်ရီ ဦးဆောင်သော ချယ်လ်ဆီး ခံစစ်မှူးများ ကြိုးစားဟန့်တားခဲ့ရသည်။

အဖွင့်ဂိုး

ချယ်လ်ဆီး တိုက်စစ်တွင် ဒရော့ဘာနှင့် အနယ်လ်ကာကို တင်ကစားသော်လည်း အာဆင်နယ် နောက်တန်းကို ထိရောက်စွာ မထိုးဖောက်နိုင်ဘဲရှိနေရာ ပွဲချိန် ၁၈မိနစ်၌ အာဆင်နယ်တိုက်စစ်မှူး ဝေါကော့သ်က ချယ်လ်ဆီးဂိုးနှင့် ရှစ်ကိုက်အကွာမှ ဘယ်ခြေဖြင့် မြေမကျသော ကန်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ အဖွင့်ဂိုးရရှိခဲ့သည်။

တစ်ဖက်တစ်ဂိုးစီ

အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် အာဆင်နယ်အသင်း ကစားအားတက်ခဲ့သော်လည်း ချယ်လ်ဆီးတို့က ချေပဂိုးသွင်းယူနိုင်ရေး ကွင်းလယ်ကစားကွက်ကို စီးပြီး ကစားခဲ့ရာ ပွဲချိန်၃၂မိနစ်၌ ကွင်းလယ်မှ အမြောက်ကန်တင်ပေးလိုက်သည့် ဘောလုံးကို မာလူဒါက တစ်ချက်ထိန်းပြီး ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိခဲ့သည်။

နစ်နာ

ချေပဂိုးရရှိခဲ့ပြီး ချယ်လ်ဆီးတို့က အပေးအယူမှန်မှန်ဖြင့် ထိုးဖောက်ကစားခဲ့ရာ ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း ဂိုးမရရှိခဲ့ချေ။ ၃၆မိနစ်၌ အနယ်လ်ကာ၏ ကန်သွင်းချက် ဂိုးတိုင်ထိ သွားခဲ့သဖြင့် ချယ်လ်ဆီးတို့ နစ်နာခဲ့ရသည်။ ပထမပိုင်းပွဲချိန်၌ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်နေခဲ့သည်။

အပိုင်ကန်သွင်း

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားခဲ့ရာ ၅၉မိနစ်၌ ဝေါကော့သ် ဂိုးရှေ့ ဖြတ်တင်ပေးလိုက်သည့် ဘောလုံး အရှိန်များသွားခဲ့သဖြင့် အာဆင်နယ်တို့ နစ်နာခဲ့ရသည်။ ၆၆မိနစ်၌ ဗန်ပါစီ ဂိုးဧရိယာအစပ်မှ အပိုင်ကန်သွင်းချက်မှာလည်း ဂိုးဘားပေါ် ကျော်သွားခဲ့သည်။

ဒုတိယဂိုး

ထို့အတူ ၆၈မိနစ်၌ ဒရော့ဘာ ဂိုးရှေ့သို့ ဖြတ်ပေးလိုက်သည့် ဘောလုံးကို လမ်းပတ် မနားတမ်းကန်သွင်းရာ ဂိုးပေါက်လွဲခဲ့သဖြင့် ချယ်လ်ဆီးတို့ နစ်နာခဲ့ရသည်။ သို့သော် ပွဲချိန် ၈၄မိနစ်၌ လမ်းပတ် တင်ပေးလိုက်သည့် ဘောလုံးကို ဒရော့ဘာက အာဆင်နယ် နောက်တန်းခံစစ်မှူးများနှင့် ဂိုးသမားကိုပါ ဖြတ်ကျော်ကာ ဘယ်ခြေဖြင့် လွတ်လွတ်ကျွတ်ကျွတ် ကန်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ ဒုတိယနှင့် အနိုင်ဂိုး ရရှိသွားခဲ့သည်။

တက်ရောက်

အာဆင်နယ်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ချယ်လ်ဆီးတို့က မနားတမ်း ထိုးဖောက်ကစားခဲ့သဖြင့် ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အဖွင့်ဂိုး

အက်ဖ်အေဖလား ပထမအကြိုဗိုလ်လုပွဲအဖြစ် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားရာ အာဆင်နယ်အတွက် အဖွင့်ဂိုးကို ဝေါကော့သ် (ယာ)**က သွင်းယူနိုင်ခဲ့ပါသော်လည်း ....** (အင်တာနက်ဓာတ်ပုံ)

ချေပဂိုးသွင်းယူ

အက်ဖ်အေဖလား ပထမအကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးမှ မာလူဒါ(ယာ)**က အာဆင်နယ်ဘက်သို့ ချေပဂိုး ဤသို့ သွင်းယူခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

ဧပြီ ၁၉ရက် (ယနေ့)

အက်ဖ်အေဖလား ဒုတိယအကြိုဗိုလ်လုပွဲ

မန်ယူနှင့် အဲဗာတန်

(မြန်မာစံတော်ချိန် ည ၉နာရီခွဲ)

ပရီမီယာလိဂ်
ပွဲစဉ် (၃၂) ရလဒ်

ဗီလာ	၁	-	၁	ဝက်စ်ဟမ်း
မစ်ဒယ်ဘရော့	၀	-	၀	ဖူလ်ဟမ်
ပို့စ်မောက်	၁	-	၀	ဘော်လ်တန်
စတုတ်	၁	-	၀	ဘလက်ဘန်း
ဆန်းဒါးလန်း	၁	-	၀	ဟူးလ်စီးတီး

အက်ဖ်အေဖလား ဒုတိယအကြိုဗိုလ်လုပွဲ မန်ယူနှင့် အဲဗာတန်အသင်းတို့ နောက်ဆုံးရသတင်း

လန်ဒန် ဧပြီ ၁၈

ဧပြီ၁၉ရက် **(ယနေ့)**တွင် ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလား ဒုတိယအကြိုဗိုလ်လုပွဲ မန်ယူနှင့် အဲဗာတန်တို့ ပွဲစဉ်နှင့် ပတ်သက်ပြီး နောက်ဆုံးရရှိသော သတင်းများအရ မန်ယူတိုက်စစ်မှူးရွန်နေသည် ခြေဖဝါးရိုးအက်သည့် ဒဏ်ရာကြောင့် ပါဝင်နိုင်ဖွယ်မရှိကြောင်း သိရသည်။

မာချီဒါ

ရွန်နေ၏နေရာတွင် အီတလီလူငယ်တိုက်စစ်မှူး မာချီဒါအား ထည့်သွင်းကစားဖွယ်ရှိသည်။ သို့သော် ဒဏ်ရာရရှိထားသော နဗီးလ်နှင့် ရာဖေးလ်တို့ ဒဏ်ရာမှ သက်သာလာသဖြင့် ပါဝင်ကစားနိုင်မည်ဖြစ်သည်။ ကာရစ်လည်း ဒဏ်ရာကြောင့်ကစားရန် မသေချာဘဲရှိ၍ ပတ်ဂျီဆန်၊ ပေါလ်စခိုး၊ တီဗက်ဇ်တို့ ပါဝင်ကစားဖွယ်ရှိသည်။

ကြံ့ခိုင်မှုမပြည့်

အဲဗာတန်အသင်း၌လည်း မန်ယူတိုက်စစ်မှူးဟောင်း ဆာဟာကြံ့ခိုင်မှုမပြည့်သဖြင့် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း၊ ထို့အတူ မန်စီးတီးမှ အငှားချထားသည့် ဂျိုလည်း ခြေထောက်ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။

(အင်တာနက်)

ကျောဖုံးမှ

ယင်းသို့ ဆောင်ရွက်လျက်ရှိရာမှ ဧရာဝတီတိုင်းတစ်ခုလုံး ဟန်ချက်ညီညီ ဖြန့်ကြက် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပုသိမ်၊ ဟင်္သာတ၊ မအူပင် ဒေသများကို အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ် သတ်မှတ်၍ ဖွံ့ဖြိုးရေးအထူးအစီအမံများ လုပ်ဆောင်လျက်ရှိနေရာမှ မအူပင်တက္ကသိုလ်ကို ၂၀၀၃ ခုနှစ် ဇူလိုင် ၁၈ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ဝင့်ဝင့်ကြွားကြွား

အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရမည်ဆိုသည့် အမျိုးသားရေး သန္နိဋ္ဌာန်ဖြင့် အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက် ခိုင်မာတောင့်တင်းအောင် တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ အဆင့်အတန်းမြင့်မားပြီး စိတ်အေးချမ်းမြေ့စွာ နေထိုင်နိုင်စေရန် ဘက်စုံ၊ကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တက္ကသိုလ်ပညာများ ဆက်လက်သင်ယူ ဆည်းပူးနိုင်စေရေးအတွက် မအူပင်တက္ကသိုလ်ကြီးကို တည်ဆောက် ပေးခဲ့ခြင်းဖြစ်သည်။ ၄င်းတက္ကသိုလ်ကြီးတွင် ပညာရည်နို့သောက်စို့နေကြသည့် ကျောင်းသူကျောင်းသားလူငယ်များအတွက် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သန့်စင်သောမေတ္တာ၊ စေတနာ၏အသီးအပွင့် အကျိုးရလဒ်ကောင်းများကို မိမိတို့ဒေသတွင်း ရရှိလာခဲ့ပေပြီ။

အဆင့်မြင့်

အထူးသဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် မိမိတို့မျက်မှောက်တွင် နေ့ချင်းညချင်း ပေါ်ထွန်းလာသော မအူပင်တက္ကသိုလ်ကြီးနှင့်တကွ ခံ့ညားထည်ဝါသော အဆောက်အအုံများအတွင်း အဆင့်မြင့်ပညာရပ်များကို ချမ်းမြေ့စွာ လေ့လာဆည်းပူးလျက် ထူးချွန်ထက်မြက်သော နိုင်ငံ့အကျိုးပြု အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မော်လမြိုင်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဆွေးနွေး

ရန်ကုန် ဧပြီ ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေး ဆွေးနွေးဟောပြောပွဲကို မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် မတ်၁၅ရက်က မော်လမြိုင်မြို့နယ် မရမ်းကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရုံး၌ကျင်းပရာ မော်လမြိုင်မြို့နယ် ယာဉ်စည်းကမ်းစစ်ဆေးရေးတာဝန်ခံ ယာဉ်ထိန်းဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဟောပြောပို့ချသည်။ **(အောက်ပုံ)**

ပညာပေးဟောပြော

အလားတူ မတ်၁၆ရက်တွင် မော်လမြိုင်မြို့နယ် ပန်းဘဲတန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌လည်းကောင်း၊ မတ်၁၇ရက်တွင် မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌လည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိရောက်စွာ လိုက်နာစေရေးအတွက် အသိပညာပေးဟောပြော ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဖျာပုံတွင် ကျင်းပ

ဖျာပုံ ဧပြီ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉နာရီက ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲမှူးစံသိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညီညီထွဋ်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညီညီမင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ရှိ အင်န်ဂျီအိုအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲမှူးစံသိန်းက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်၏ အဖွင့်မိန့်ခွန်းကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညီညီမင်းက ဖတ်ကြားကာ တီဘီလူနာများအား တာဝန်ရှိသူများက Care Kits ဆေးများ ပေးအပ်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

ပုလဲမြို့နယ် ကျောက်ဖြာကန်ကျေးရွာ၌ အသိပညာပေးဆွေးနွေး

ပုလဲ ဧပြီ ၁၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းနှင့် မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီးစိန်မြတို့သည် မတ် ၂၉ရက် နံနက်ပိုင်းက ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအုပ်စု ကျောက်ဖြာကန်ကျေးရွာသို့သွားရောက်၍ ဘုန်းတော်ကြီးသင် မူလတန်းကျောင်း၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်မြက တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊ မူခင်းကျဆင်းရေးတို့ကို ဆွေးနွေးမှာကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက စာကြည့်တိုက်ဖွင့်လှစ်၍ စာပေပညာလေ့လာခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အမှတ်(၂)လမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၆ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇန်းမော်မြို့နယ်စည်ပင် မြို့သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

ဇန်းမော် ဧပြီ ၁၀

ဇန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နည်းပညာတက္ကသိုလ်အတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေလောင်းခြင်းလုပ်ငန်းများကို မတ်၂၀ရက်က အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစိုးနေလင်းနှင့် ရုံးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကချင်ပြည်နယ် ပူတာအိုမြို့ရေပေးရေး သောက်သုံးရေဝေကန်သို့ ရေဝင်ရောက်မှုနှင့် ရေပေးဝေမှုတို့ကို ဖေဖော်ဝါရီ၁၆ ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးဝင်းမြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်း၌ ရေဖြန့်ဝေမှုစစ်ဆေး

မိုးကောင်း ဧပြီ ၁၀

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုသည် မတ်၃၀ရက်က မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြရေပေးရေးလုပ်ငန်းမှ ရေစက်ရုံ၊ အမြင့်တင်ရေစင်၊ စက်ရေတွင်းအင်ဂျင်နှင့် လေမှုတ်စက်များ ကောင်းမွန်ကြံ့ခိုင်ခြင်းရှိမရှိနှင့် နေ့စဉ်ပုံမှန်ရေဖြန့်ဝေပေးနိုင်ခြင်း ရှိ မရှိကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့က လိုက်လံရှင်းလင်းတင်ပြကြကြောင်း သိရသည်။ (ဝဝ၁)

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း ရွှေသူငွေးကုန်းရေထွက်ကွေ့၌ မြက်ချုံများ ရှင်းလင်းခြင်း၊ အမှိုက်များ၊ ပလတ်စတစ်များ လိုက်လံသိမ်းဆည်းခြင်း လုပ်ငန်းဆောင်ရွက်ရာ အမှုဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူးဦးအမ်လှသောင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သောရောဂါများသည် ရောဂါပိုးများပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-

(က) မသန့်ရှင်းသည့် လက်၊အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့်နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သောနေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-

- ရေကို ကျိုချက်၍သောက်ပါ။
- ယင်နားစာများ မစားပါနှင့်။
- ယင်လုံအိမ်သာ အသုံးပြုပါ။
- အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရပ်စောက်မြို့ မြို့မဈေး သန့်ရှင်းသပ်ရပ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုဖြင့်ဆောင်ရွက်သော မြို့မဈေးရှေ့ မျက်နှာစာတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မတ်၂၅ရက်က ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု မိတ္ထီလာတွင် ကန်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

မိတ္ထီလာ ဧပြီ ၈

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုနှင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ စီမံဆောင်ရွက်တို့မှုဖြင့် မတ် ၂၇ရက်က မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက်ဩဇာခြံနယ်မြေရှိ မိတ္ထီလာမြောက်ကန်ကြီး သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အသိပေးဆိုင်းဘုတ်စိုက်ထူ

မိတ္ထီလာမြောက်ကန် သန့်ရှင်းသာယာလှပရေးအတွက်ရပ်ကွက်အတွင်းရှိ ပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအပါအဝင် လုပ်သားအင်အား ၁၅၀ကျော်တို့သည် မြောက်ကန်အတွင်းရှိ အမှိုက်သရိုက်များ စုပေါင်းကောက်ယူခြင်း၊ ကန်အတွင်းရှိ ပလတ်စတစ်အိတ်များ ကောက်ယူခြင်း၊ ကန်အတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များမီးရှို့ခြင်းလုပ်ငန်းများကို စုပေါင်းပြုလုပ်ပြီး မိတ္ထီလာကန်အတွင်း အဝတ်လျှော်ခြင်း၊ ရေချိုးခြင်းမပြုလုပ်ရန် အသိပေး ကြော်ငြာဆိုင်းဘုတ်ကို စိုက်ထူကြသည်။

တက်ရောက်အားပေး

မိတ္ထီလာမြောက်ကန် သန့်ရှင်းသာယာရေး စုပေါင်းသန့်ရှင်းရေးပွဲသို့ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းဦး၊ မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် ရပ်ကွက်ဥက္ကဋ္ဌတို့ တက်ရောက်အားပေးကြသည်။ (ဝ၈၆)

ယင်းမာပင်၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်

ယင်းမာပင် ဧပြီ ၁၂

မုံရွာခရိုင် ယင်းမာပင် မြို့နယ် မောက်လုပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို မတ်၂၁ရက် နံနက်၁၀နာရီက မောက်လုပ်ကျေးရွာ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဦးစိုးတင့်အောင်၊ လက်ထောက်ပညာရေးမှူး ဦးမြင့်နှင့် ဦးစိုးမြင့်ချို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်း၊ မောက်လုပ်ကျောင်းအုပ်ဆရာကြီးဦးသိန်းရွှေ၊ ကျေးရွာဥက္ကဋ္ဌ ဦးဆန်းဝင်း၊ ဆရာ ဆရာမများ၊ ကျေးရွာ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဖျော်ဖြေ

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးစိုးတင့်အောင်က အမှာစကားပြောကြားပြီး(ဝဲပုံ)ကျေးရွာဥက္ကဋ္ဌ ဦးဆန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ အခမ်းအနားအပြီးတွင် ကျောင်းသားကျောင်းသူလေးများက ဓာတ်မာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

သီပေါမြို့၌ ဓာတိုးပန်းထိုး သင်တန်းဖွင့်

သီပေါ ဧပြီ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့၏ ဆောင်ရွက်မှုဖြင့် ဓာတိုးပန်းထိုး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ၅ရက် မွန်းလွဲ၁နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်နန်းအုန်းကြည်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ချယ်ရီလွင်တို့က သင်တန်းစီမံချက်၊ စည်းကမ်းနှင့် သင်တန်းကာလဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ (ဝ၂ဝ)

သံဖြူဇရပ်မြို့ အောင်မင်္ဂလာရပ် အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၁၂ရက်က ယင်းကျောင်း၌ ကျင်းပရာ တတိယတန်း၌ ဘက်စုံထူးချွန်ဆုရ မောင်တင့်ထူးကို မြို့နယ် ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မှုခင်းသတင်း

ပုသိမ်မြို့ အသည်ကြီး ရဲတပ်ဖွဲ့စခန်းမှ သက်သေခံပစ္စည်းများ ပြန်လည်ပေးအပ်

ပုသိမ် ဧပြီ ၁၂

ပုသိမ်မြို့ အသည်ကြီးရဲတပ်ဖွဲ့စခန်းမှ သက်သေခံပစ္စည်းများ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၈ရက်က အဆိုပါစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ စခန်းမှူး ရဲအုပ်ကျော်ဇေယျက အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူတို့က (ပ)၉၁-၂၀၀၉၊ ပြစ်မှု ပုဒ်မ-၂၂၄ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသောအမှုမှ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုကြောင့် တရားခံများနှင့်အတူ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရယူပြီး ပိုင်ရှင်များဖြစ်ကြသော ပုသိမ်တက္ကသိုလ် ရွှေသံလွင်အဆောင်နေ မဟေဇာအောင်နှင့် မရီလာထွန်းတို့အား ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ဖြစ်ပွားပုံမှာ မတ် ၁၂ရက် ညဦးပိုင်းက ပုသိမ်တက္ကသိုလ် ရွှေသံလွင်အဆောင်မှ ဆိုင်ကယ်များပျောက်ဆုံးကြောင်း အသည်ကြီးရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်ဇေယျက သတင်းရသဖြင့် ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အုန်းလွင်ကိုယ်တိုင် ကြီးကြပ်လိုက်ပါ၍ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ဝင်များ ကြိုးပမ်းမှုကြောင့် မတ် ၁၈ရက်တွင် ငွေးချိုကျေးရွာ တောလမ်းခရီး၌ ဖိုးကျော်(ခ)ထွန်းမြင့်ကျော်ကို ခိုးယူလာသော ဆိုင်ကယ်နှင့်လည်းကောင်း၊ မတ် ၂၁ရက်၌ ငွေဆောင်ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်အောင်နိုင်နှင့် နယ်ထိန်းဒုရဲအုပ်ဇော်မင်းထွန်းတို့က ခင်ကျော်ဦးအား ခိုးရာပါ ဆိုင်ကယ်နှင့်လည်းကောင်း ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူနှစ်ဦးမှာ ယခင်က ဆိုင်ကယ်ခိုးမှုဖြင့် ထောင်ဒဏ်ကျခံနေရသော ရဲဘက်ပြေးများဖြစ်ခြင်းကြောင့် အသည်ကြီးရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ကျော်ဇေယျက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၅၇)

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး နှိုးဆော်ချက်

မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) **မီးမလောင်မီ(ပြည်သူတို့၏ တာဝန်)**

(၁) သက်ဆိုင်ရာ မီးဘေးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှလည်းကောင်း၊ မီးသတ်တပ်ဖွဲ့မှ လည်းကောင်း၊ တရားဝင်ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားရန်၊

(၂) ရပ်ကွက်အလိုက် မီးကင်းများချထားရေးတွင် ပါဝင်ဆောင်ရွက်ရန်၊

(၃) မီးသတ်တပ်ဖွဲ့မှ တစ်အိမ်တက်ဆင်း စစ်ဆေးသည့်အခါကူညီရန်၊ စစ်ဆေးမေးမြန်းသည့်အခါ ဖြေကြားရှင်းလင်းပေးရန်နှင့် ပေးသည့် အကြံဉာဏ်များကို လိုက်နာရန်၊

(၄) ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မီးဘေးတားဆီးရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လှုပ်ရှားကြရန်နှင့် အသိပညာပေး ပြန့်ပွားမှုပြုလုပ်ရန်၊

(၅) မိမိကြောင့် အခြားသူများ နစ်နာမှုမရှိစေရန် မိမိမှစ၍ မီးမလောင်စေရေးကိုခံယူပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊

(၆) အဆောက်အအုံတိုင်း၊ အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊

(၇) မီးလောင်လျှင် မီးလောင်ကြောင်း အချက်ပေးနိုင်ရန် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် အချက်ပေးကိရိယာကို အသင့်ထားရှိရန်၊

(၈) ခြောက်သွေ့သော ရာသီအချိန်များတွင် တဲအိမ်များ၌ လေတိုက်မှုမှ ကာကွယ်သည့် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲရန်နှင့် မီးကြွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်၊

(၉) အရိပ်ရပင်၊ လေကာပင်များအား ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ အသစ်တိုးချဲ့စိုက်ပျိုးခြင်းများအား ပြုလုပ်ထားရန်၊

(၁၀) မီးသတ်ယာဉ်/စက်များ အစဉ်အမြဲကောင်းနေစေရန်အတွက် လှူဒါန်းပံ့ပိုးပေးရန်။

(ခ) **မီးလောင်စဉ် (ပြည်သူတို့၏ တာဝန်)**

(၁) မီးလောင်မှု ဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးနည်းဖြင့် သတင်းပို့ အကြောင်းကြားရန်၊

(၂) မီးသတ်စက်များမရောက်မီ ရှေးဦးမီးငြိမ်းသတ်ရေး နည်းလမ်းအရ ရေပုံးများဖြင့်လည်းကောင်း၊ ရရာပစ္စည်းများဖြင့်လည်းကောင်း အသုံးပြု၍ မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ရန်၊

(၃) မီးလောင်ပြင်သို့ မီးငြိမ်းသတ်ရန် ရောက်ရှိလာသော မီးသတ်ယာဉ်စက်များအား ဝင်လမ်း၊ ထွက်လမ်းနှင့် ရေအမြဲတမ်းရရှိနိုင်မည့်နေရာများသို့ ညွှန်ပြရန်၊

(၄) မီးလောင်ရာ ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများသို့လည်းကောင်း၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကိုလည်းကောင်း ရေပက်ဖျန်း၍ ငြိမ်းသတ်ပေးရန်၊

(၅) မီးလောင်မှုဖြစ်ပွားရာတွင် ပွဲကြည့်ပရိသတ်သဖွယ် ဝိုင်းအုံကြည့်မနေဘဲ ကူညီငြိမ်းသတ်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်သူများ၊ နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ကူညီပေးကြရန်။

မီးသတ်ဦးစီးဌာန

ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးရွာချင်းဆက် ကျေးလက်ဂဝံလမ်းသစ်ဖွင့်

ကျောက်ကြီး ဧပြီ ၁၀

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အင်းနက်ကျေးရွာအုပ်စု ရန်မျိုးအောင်ကျေးရွာနှင့် တမာခေါကျေးရွာ အရှည်ပေ ၆၀၀၊ အကျယ်၁၀ပေ ကျေးရွာချင်းဆက် ကျေးလက် ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ်၂၃ ရက်က တမာခေါကျေးရွာအဝင်၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးတို့က ကျေးလက်ဂဝံလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကျေးရွာပြည်သူများကိုယ်စား ဦးစောရမ်မထူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (ဝ၄၅)

မိုးကောင်းမြို့နယ်၌ စာအုပ်နှင့် ငွေပဒေသာပင် ပေးအပ်လှူဒါန်း

မိုးကောင်း ဧပြီ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ မိုးကောင်းမြို့နယ် ကံလှကျေးရွာအုပ်စု ကံလှရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲကို မတ် ၂၂ရက် မွန်းလွဲ ၂နာရီက ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးမာန်ငိုင်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး စေတနာရှင်များက ငွေကျပ် ၂၂၅၀၀၀နှင့် သုတရသစာအုပ်၊ စာနယ်ဇင်းမျိုးစုံအုပ်ရေ ၄၅၀ကို စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ (ကျေးရွာအုပ်စု ဥက္ကဋ္ဌ) ဦးဝင်းကိုနှင့် စာကြည့်တိုက်မှူး ဒေါ်သန်းသန်းနွယ်တို့ထံ ပေးအပ်လှူဒါန်းကြသည်။ (ဝဝ၁)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ရေပေးရေးလုပ်ငန်းများ ရေရှည်တည်တံ့ကောင်းမွန်စေရေး၊ လုံလောက်သောရေပေးဝေနိုင်ရေးတို့အတွက် ရွှေနတ်တောင်ဆည်မှ အာတီစီ ရေစုပ်ကန်သို့ ရေပို့ပိုက်ကြီးများသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မတ် ၁၅ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လင်းက ရှင်းလင်းတင်ပြစဉ်။ (ဝ၁၄)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝမ်ပြန်-ဝမ်ပေါက်-တုံစီ မြေသားလမ်း ဖောက်လုပ်မှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်း စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပေါင်မြို့၌ ထိရောက်သော စီမံခန့်ခွဲမှုစနစ် စွမ်းဆောင်ရည်မြင့်မားရေး နှီးနှောဖလှယ်

ပေါင် ဧပြီ ၉

ကျန်းမာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သော ထိရောက်သော စီမံခန့်ခွဲမှုစနစ် စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံချက်လုပ်ငန်းများ ဆောင်ရွက်နေကြသည့် မြို့နယ်အချင်းချင်း အတွေ့အကြုံ နှီးနှောဖလှယ်ပွဲ အခမ်းအနားကို ပေါင်မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ မတ် ၁၆ ရက် နံနက်၈နာရီက ကျင်းပသည်။

စီမံချက်

အခမ်းအနားတွင် မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာငွေးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံခန့်ခွဲမှုစနစ် စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံချက်လုပ်ငန်းများကို မြို့နယ်ဆရာဝန် ဒေါက်တာခင်စုစုဟန်က ရှင်းလင်းတင်ပြသည်။

ကွင်းဆင်းလေ့လာ

အဆိုပါ ထိရောက်သော စီမံခန့်ခွဲမှုစနစ် စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံချက်လုပ်ငန်းအတွေ့အကြုံ နှီးနှောဖလှယ်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဗဟိုအဆင့် အခြေခံကျန်းမာရေးဌာနမှ အုပ်ချုပ်သူများအဖြစ် ဒေါက်တာရီရီချို**(အောက်ပုံ)**၊ ဒေါက်တာစိုင်းဝင်းဇော်လှိုင်နှင့် မြင်းမူ၊ ရေတာရှည်နှင့် အောင်လံမြို့နယ်များမှ ကျန်းမာရေးဝန်ထမ်းစုစုပေါင်း ၃၆ဦးတို့ လိုက်ပါလာကြပြီး ပေါင်မြို့နယ်တွင် မတ် ၁၆ ရက်မှ၂၀ရက်အထိ လုပ်ငန်းများနှီးနှောဖလှယ်ခြင်းနှင့် ကွင်းဆင်းလေ့လာခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ (၁၇၆)

မြေယာရှုခင်းအလှဆောင်ရွက်

ဧရာဝတီတိုင်း ကျိုက်လတ်မြို့ ၁၀ ဖြတ်လမ်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် မြေယာရှုခင်းအလှဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းနိုင်ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကောလင်းမြို့နယ်၌ ကျန်းမာရေးဆိုင်ရာ ဆွေးနွေးဟောပြော

ကောလင်း ဧပြီ ၁၃

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ကောလင်းမြို့နယ် ကျောက်ပြင်သာကျေးရွာတွင် မတ်၂၄ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်စိုးက တီဘီရောဂါနှင့် အေအိုင်ဒီအက်စ်ရောဂါ ဆက်နွယ်ပုံအကြောင်းများကိုအသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများထဲမှ သုံးပတ်နှင့်အထက် ချောင်းဆိုးသောလူနာ၂၀အား အခမဲ့ သလိပ်စစ်ဆေးပေးကြသည်။ (ဝ၃၂)

မြို့နယ် သတင်းများ

ညောင်ရွှေမြို့ သာစည်ရပ်ကွက်၌ စက်ရေတွင်းဖွင့်

ညောင်ရွှေ ဧပြီ ၈

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးစီးသော စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မတ်၂၅ရက် နံနက် ၉နာရီက ညောင်ရွှေမြို့ သာစည်ရပ်ကွက် မုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ဆောင်ရွက်

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ ၃၆၀၊ ဂါလန် ၁၅၀၀ ဆံ့ ရေစုကန်နှင့် ရေစက်တို့ကို စုစုပေါင်း ခွင့်ပြုငွေ ကျပ် ၃၅၁၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝ၂၁)

ကချင်ပြည်နယ်စည်ပင် ပျိုးဥယျာဉ်များ စစ်ဆေး

ဗန်းမော် ဧပြီ ၁၂

လွယ်ဂျယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ထုထောင်ထားရှိမှု အခြေအနေကို ဧပြီ ၅ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာဦးဝဏ္ဏတို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

သံတွဲခရိုင် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

သံတွဲ ဧပြီ ၁၂

ရခိုင်ပြည်နယ် သံတွဲခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို ဧပြီ ၈ရက် မွန်းလွဲ ၂နာရီက ခရိုင်ရုံး ဒွါရာဝတီ စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ ဖေဖော်ဝါရီ ၁၉ရက်ထုတ် အတွဲ(၇)၊ အမှတ်(၄၈) 7 Day News ဂျာနယ်မှ ဆောင်းပါးရှင် ဥက္ကာကိုကိုရေးသားသော စာအုပ်များနှင့် စကားပြောခိုင်းသူ ဆောင်းပါးကို အကြီးတန်းစာရေး ဒေါ်လှဲ့လှဲ့ဝင်း၊ မတ် ၁၇ရက်ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးရှင် မောင်မိုးယံ ရေးသားသော စိတ်အာဟာရကို စာဖတ်ခြင်းဖြင့် ဖြည့်တင်းကြပါစို့ ဆောင်းပါးကို စာထောက်-၃ ဒေါ်စန်းစန်း၊ မတ် ၃၀ရက်နှင့် ၃၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ကျော်ဦးဆွေရေးသားသော ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး ဆောင်းပါးကို ဓာတ်ပုံကျွမ်းကျင်-၂ ဦးသန့်ဇင်နှင့်ရုပ်သံကျွမ်းကျင်-၃ ဒေါ်ခင်သီတာဝင်းနှင့် ဧပြီ ၃ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ဆောင်းပါးရှင် မောင်ထွန်းလွင်(မိုးလေဝသ) ရေးသားသော မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ဆောင်းပါးကို အငယ်တန်းစာရေး ဒေါ်မြင့်မြင့်အေးတို့က ဖတ်ကြားဆွေးနွေးကြသည်။

ဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးညိုအုန်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိတို့က ဖတ်ရှုသမျှတို့ကို ခြုံငုံသုံးသပ်ပြီး ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဆိုင်ကလုန်းမုန်တိုင်း ဘစ်ဂျ်လီ ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ဖြတ်သန်းဝင်ရောက်

မုန်တိုင်းသတိပေးချက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိခဲ့

နေပြည်တော် ဧပြီ ၁၈

ယနေ့နံနက် ၅နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်း၌ ဖြစ်ပေါ်နေခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဘစ်ဂျ်လီသည် ယမန်နေ့ ညသန်းခေါင်ယံအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေကို စစ်တကောင်းမြို့နှင့် ကော့ဘဇားမြို့တို့အကြားမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ ကုန်းတွင်းသို့ ဖြတ်ကျော်ပြီးနောက် မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များသည် မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများကို ဖြတ်ကျော်၍ အရှေ့ဘက်သို့ဆက်လက်ရွေ့လျားလျက်ရှိကြောင်း၊ မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များကြောင့် မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းအချို့တွင် နေရာစိပ်စိပ်မှ အချို့နေရာများတွင် နေရာကွက်ကျား မိုးကြီးနိုင်ကြောင်း၊ မိုးနှင့်အတူ တစ်နာရီလျှင် မိုင် ၃၀ မှ ၄၀ ခန့်ရှိသော လေပြင်းများ ခေတ္တမျှ ကျရောက်နိုင်ကြောင်း၊ မုန်တိုင်း၏ လက်ရှိအခြေအနေကို အစိမ်းရောင်အဆင့်ဖြင့် မုန်တိုင်းအန္တရာယ်ကင်းရှင်းသွားပြီဟု သတ်မှတ်ကြောင်းနှင့် ယနေ့နံနက်မှ နောက် ၂၄ နာရီကျော်လွန်ပြီးနောက် ရာသီဥတုအခြေအနေများ တိုးတက်ကောင်းမွန်လာမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကြိုတင်သတိပေး

အဆိုပါ မုန်တိုင်းနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များကို ဧပြီ ၁၄ ရက် ညပိုင်းမှ စတင်ရရှိပြီး ယင်းနေ့ညပိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ လည်းကောင်း၊ မန္တလေးနှင့် စစ်တွေ FM ရေဒီယိုအစီအစဉ်များမှ လည်းကောင်း၊ ဧပြီ ၁၅ ရက်ထုတ် သတင်းစာမှလည်းကောင်း ကြိုတင်သတိပေးသတင်းများ ထုတ်ပြန်ပေးနိုင်ခဲ့သည်။

အလားတူ ဧပြီ ၁၅ ရက်၊ ဧပြီ ၁၆ ရက်နှင့် ဧပြီ ၁၇ ရက် သတင်းထုတ်ပြန်ချက်များကိုလည်း ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှ အချိန်နှင့်တစ်ပြေးညီ နေ့စဉ်ထုတ်ပြန်ပေးကာ ရခိုင်ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ မြန်မာ့ပင်လယ်ပြင်ဒေသများအတွင်း ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်၊ စက်လှေနှင့် ခရီးသွားရေယာဉ်များအား သတိပေးခြင်း၊ ရခိုင်ကမ်းရိုးတန်းဒေသတစ်လျှောက် နေထိုင်သော ကျေးရွာများအား မုန်တိုင်းဒီရေလှိုင်းဒဏ် ကြိုတင်ကာကွယ်နိုင်ရန် သတိပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိ

ထိုသို့ မုန်တိုင်းသတိပေးချက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးခဲ့ပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ မရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီး

နှစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး စည်းကမ်းစနစ်တကျ လိုက်နာထိန်းသိမ်းခဲ့ကြသဖြင့် မှုခင်းဖြစ်ပွားမှု၊ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု အရေအတွက် လျော့နည်းကျဆင်းသွား

နေပြည်တော် ဧပြီ ၁၈

ယခုနှစ် မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ အမျိုးသားရေးစရိုက်လက္ခဏာပြည့်ဝစွာ ယဉ်ကျေးမှုအစဉ်အလာမပျက် နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စည်းရုံးကြပ်မတ်

သင်္ကြန်ကာလအတွင်း မလိုလားအပ်သော ဖြစ်စဉ်ဖြစ်ရပ်များ မဖြစ်ပေါ်စေရေးအတွက် ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် သက်ဆိုင်ရာက ကြိုတင်သတိပေး နှိုးဆော်ချက်များကို သင်္ကြန်ရက်မတိုင်မီကပင် ထုတ်ပြန်၍ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ခဲ့သည့်အပြင် သင်္ကြန်ပွဲတော်ကာလအတွင်း တာဝန်ရှိသူအသီးသီးတို့က စည်းကမ်းစနစ်တကျရှိစေရေး စည်းရုံးကြပ်မတ် ကွပ်ကဲဆောင်ရွက်ခဲ့ကြသည်။

စည်းကမ်းတကျပျော်ရွှင်စွာဆင်နွှဲ

နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့နှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ စည်းကမ်းတကျ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ သို့သော် အပျော်အပါးလွန်ကဲပြီး စည်းကမ်းလိုက်နာမှု အားနည်းသူအချို့ကြောင့် ယခုနှစ်သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု ၁၄ မှု၊ ခိုက်ရန်ဖြစ်ပွားမှု ၃၇ မှု၊ မူးယစ်ရမ်းကားမှုတစ်မှု၊ ဝတ္တရားနှောင့်ယှက်မှုငါးမှု၊ ကာယိန္ဒြေဖျက်ဆီးမှုနှစ်မှု၊ သေမှုသေခင်းတစ်မှု စုစုပေါင်းအမှုပေါင်း ၆၀ ဖြစ်ပွားခဲ့ပြီး လူလေးဦး သေဆုံးကာ ၁၀၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးထိခိုက်ဒဏ်ရာရရှိသူများမှာ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ သုံးဦး၊ ဒဏ်ရာရရှိသူ ၄၃ ဦး၊ ခိုက်ရန် ဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ ၅၈ ဦး၊ ဝတ္တရားနှောင့်ယှက်မှုကြောင့် ဒဏ်ရာရရှိသူ နှစ်ဦး၊ သေမှုသေခင်းကြောင့် သေဆုံးသူတစ်ဦးတို့ဖြစ်ကြောင်း သိရှိရသည်။

လျော့နည်းကျဆင်း

ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ပြည်သူလူထုအနေဖြင့် နှစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး လိုက်နာရန် စည်းကမ်းများ၊ သတိပေးနှိုးဆော်ချက်များ၊ ရှောင်ကြဉ်ထိန်းသိမ်းရန်အချက်များကို အထူးအလေးထား လိုက်နာခဲ့ကြကာ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ မြန်မာ့ရိုးရာသင်္ကြန်ကို စည်းကမ်းတကျ ဆင်နွှဲခဲ့ကြသဖြင့် သင်္ကြန်ပွဲတော်ကာလများအတွင်း သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရရှိမှုများ လျော့နည်းကျဆင်းသွားရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနေသော ရေဝတီတိုင်း မအူပင်တက္ကသိုလ်ကြီး ဖွင့်လှစ်ပေးထားပြီ

သတင်းမှတ်စု - တင်မာဝင်းနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသတစ်ခုချင်းအလိုက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးများနှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို အကောင်အထည်ဖော်လျက်ရှိသည်။

စာမျက်နှာ ၁၃ ကော်လံ ၅ ■